မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၁၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်ပြဋ္ဌာန်း

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် (၁/၂၀၀၉)ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေအား ၁၃၇၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၀ ရက် (၂၀၀၉ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်) ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၁/၂၀၀၉)
၁၃၇၀ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
(၂၀၀၉ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

၁။ ဤဥပဒေကို **ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(ခ)၌ပါရှိသော **"၁၈၈၆ခုနှစ်မတိုင်မီက တည်ရှိသော"** ဆိုသည့် စကားရပ်ကို **"ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဂ)၌ပါရှိသော **"၁၈၈၆ခုနှစ်မတိုင်မီကတည်ရှိသော"** ဆိုသည့်စကားရပ်ကို **"ရှေးဟောင်းနေရာဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

အဆင့်မြင့်အင်ဂျင်နီယာအတတ်ပညာများ သင်ယူနိုင်မည့် နည်းပညာတက္ကသိုလ်(ထားဝယ်)

နည်းပညာတက္ကသိုလ် (ထားဝယ်) သုံးထပ် ပင်မဆောင်ကြီးကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၀

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် ရည်ရွယ်လျက် ဒေသအသီးသီးရှိ လူငယ်များ အဆင့်မြင့်အင်ဂျင်နီယာပညာရပ်များကို မိမိဒေသတွင်းမှာပင် သင်ယူနိုင်ရေး ပြည်နယ်နှင့်တိုင်းအသီးသီးတွင် နည်းပညာတက္ကသိုလ်များ ဖွင့်လှစ်ပေးခဲ့ရာ တနင်္သာရီတိုင်း ထားဝယ်မြို့၌လည်း နည်းပညာတက္ကသိုလ်ကြီးတစ်ခု ဖွင့်လှစ်ထားပြီဖြစ်သည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် တနင်္သာရီတိုင်း၏ ဒေသဖွံ့ဖြိုးရေး သတင်းဆောင်းပါးများရေးသားရန် မကြာမီက ရောက်ရှိခဲ့ရာ အဆိုပါနည်းပညာတက္ကသိုလ်ကြီးသို့ သွားရောက်လေ့လာခဲ့သည်။

တည်ရှိ

နည်းပညာတက္ကသိုလ်(ထားဝယ်)သည် ထားဝယ်မြို့၏မြောက်ဘက် မောင်မယ်ရှောင်ကျေးရွာအနီး ရန်ကုန်-ထားဝယ် ကားလမ်းနံဘေးတွင် တည်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၄ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၁ ရက်)

သဘာဝပတ်ဝန်းကျင် သာယာလှပစိုပြည်ရေး သစ်တောသစ်ပင်များ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေး

ဥတုရာသီတောကိုမှီဆိုသည့် စကားနှင့်အညီ ရာသီဥတုသည် သစ်တောသစ်ပင်များကို အမှီပြု၍ ပြုပြင်ပြောင်းလဲလျက်ရှိသည်။ လူအများ၊ အပင်များနှင့် တိရစ္ဆာန်များသည် သဘာဝပတ်ဝန်းကျင်နှင့် ဟန်ချက်ညီညီ အပြန်အလှန် အမှီသဟဲပြုလျက်ရှိသည်။

ကမ္ဘာ့လူသားအားလုံး ဖူလုံပြည့်စုံစွာ စားသောက်နေထိုင်ရေး၊ သက်ရှိသတ္တဝါများ ဆက်လက် အသက်ရှင်နေထိုင်နိုင်ရေးသည် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိရန် လိုအပ်သည်။

သဘာဝသစ်တောများပျက်စီးပါက ရာသီဥတုဖောက်ပြန်မှု၊ မိုးခေါင်မှု၊ စိုက်ပျိုးမြေများပျက်စီးမှုတို့နှင့် ကြုံတွေ့ရမည် ဖြစ်သည်။ စားနပ်ရိက္ခာ ထုတ်လုပ်မှုကိုပါ ပျက်စီးစေမည့် အကျိုးဆက်များနှင့် ကြုံတွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမြေ၊ စိုက်ပျိုးရေ လုံလောက်စွာရရှိနေခြင်း၊ ရာသီဥတုသင့်တင့်မျှတခြင်းများကြောင့် ပြည်တွင်းရိက္ခာ ဖူလုံသည်သာမက ကမ္ဘာ့ရိက္ခာလုံလောက်မှုအတွက်ပါ အထောက်အကူပြုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရေ၊ မြေ၊ သစ်တော၊ သဘာဝသယံဇာတ အရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းလျက်ရှိသည်။ ကြိုးဝိုင်းသစ်တောများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝနယ်မြေများကို သစ်တောဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားသည်။

လူအများအတွက် အဓိကစားနပ်ရိက္ခာဖြစ်သော ငါး၊ ပုစွန်၊ ကဏန်းများ ပျက်စီးမှုမရှိစေရန် ဒီရေတောများကို ထိန်းသိမ်းထားရှိရမည် ဖြစ်သည်။

သစ်တောသစ်ပင်များသည် ပတ်ဝန်းကျင်အခြေအနေ ကောင်းမွန်သည်နှင့်အမျှ မြေပြိုတိုက်စားမှုကို ကာကွယ်ခြင်း၊ ရေကောင်းရေသန့်ရရှိခြင်း၊ ရှုခင်းသာယာလှပခြင်း၊ မြေဆီမြေလွှာထိန်းသိမ်းနိုင်ခြင်း၊ သားငှက်တိရစ္ဆာန် ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ ရေဝေရေလဲ ထိန်းသိမ်းနိုင်ခြင်းနှင့် လေထုညစ်ညမ်းမှုကိုကာကွယ်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်မှသာလျှင် သစ်တောသယံဇာတများ ရေရှည်တည်တံ့နေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီ ရုပ်မြင်သံကြား

၂၁-၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၀	၄။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၆။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄း၅၀	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၅။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၁၄)
၆း၄၅	၁၆။	လျှပ်တစ်ပြက်
၇း၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း-၁၇)
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဖြေလိုက်ပါ
	၂၂။	ICT သုတ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၁၂)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားနှင့် ဖားကန့်မြို့များသို့ သွားရောက်လေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့ဦးဆောင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E.Pehin Datu Inderasugara Brig-Gen(B) Dato Paduka Haji Mohammad Yusof bin Abu Bakar နှင့်ဇနီး Mrs. Datin Mastura Mohsin နှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများပါဝင်သည့် သံတမန်လေ့လာရေးအဖွဲ့သည် ကချင်ပြည်နယ်၌ ကြည့်ရှုလေ့လာရန် ဇန်နဝါရီ ၁၆ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြသည်။

ရှင်းလင်းပြောကြား

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီးနှင့် သံတမန်အဖွဲ့ဝင်များအား ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းနှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက မြစ်ကြီးနား လေတပ်စခန်း၌ ကြိုဆိုနှုတ်ဆက်ကြပြီး ခန်းမ၌ တိုင်းမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကချင်ပြည်နယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားရာ သံတမန်အဖွဲ့နာယက ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ညပိုင်းတွင် သံတမန်အဖွဲ့ဝင်များအား ဖားကန့်မြို့ ဥရုရတနာဧည့်ရိပ်သာ မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

လှည့်လည်ကြည့်ရှု

သံတမန်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ဖားကန့်မြို့နယ် လုံးခင်း/ဖားကန့် ရတနာမြေ နမ့်မော်ရွာရှိ သတ္တုတွင်းဝန်ကြီးဌာန၏ တန် ၃၀၀၀ ကျောက်စိမ်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ သံတမန်အဖွဲ့ဝင်များသည် ဖားကန့်မြို့ရှိ Ever Winner ကျောက်စိမ်းအလုပ်ရုံသို့ ရောက်ရှိကြပြီး ကျောက်စိမ်းအရိုင်းတုံးများ ဖြတ်ခွဲခြင်းနှင့် ကျောက်ချောထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုလေ့လာကြသည်။

ညစာတည်ခင်း

ညပိုင်းတွင် တိုင်းမှူးနှင့် ဇနီးတို့က သံတမန်အဖွဲ့ဝင်များအား မြစ်ကြီးနားမြို့ ဧည့်ရိပ်သာမြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဆုငွေများပေးအပ်

ဂုဏ်ပြုညစာစားပွဲတွင် မြစ်ကြီးနားမြို့ တေးဂီတအဖွဲ့နှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် သံတမန်အဖွဲ့ နာယကတို့က ဖျော်ဖြေတင်ဆက်ကြသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဆုငွေများကို ပေးအပ်ကြသည်။

ကြည့်ရှုလေ့လာ

သံတမန်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းတွင် မေခနှင့်မလိခ မြစ်ဆုံနေရာသို့ သွားရောက်ကြည့်ရှု လေ့လာကြပြီး မွန်းလွဲပိုင်းတွင် မြို့မဈေးနှင့် ဆန်းကျောက်မျက်ရတနာအရောင်းပြခန်းတို့ကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများ ပါဝင်သော သံတမန်လေ့လာရေးအဖွဲ့ ဖားကန့်မြို့နယ် လုံးခင်း/ဖားကန့် ရတနာမြေ နမ့်မော်ရွာရှိ တန် ၃၀၀၀ ကျောက်စိမ်းပြတိုက်ရှေ့တွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**အသက်ရှည်စေချင်ပါတယ်** တရားတော် အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်)
၇း၅၅-၁း၅၅	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅-၂း၄၅	ရွှေဖြူဟုခေါ်သည် (အပိုင်း-၂)
၉း၁၀-၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	Midweek Sports News
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	ဆေးပညာရှင်များနှင့် ပြည့်စုံသော ချိန်းဆိုတွေ့ဆုံမှု (ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်)
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	နယဉ်ဆန်းထွင် ပန်းအလှဆင်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅-၅း၀၅	**ကျော်သွားမှာလား… ဖော်စားမှာလား** ခန့်စည်သူ၊ ဦးစောနိုင် (ရှမ်းပြည်)၊ ပုလဲဝင်း၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ ဟေမာန်အောင်အောင် (ဒါရိုက်တာ-အကယ်ဒမီ မလိခစိုးထိုက်အောင်)
၁၁း၁၀-၅း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅-၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	စားချင်စဖွယ် နည်းအသွယ်သွယ် (ရသာထူးခြားရေခဲမုန့်များ)
၁၁း၄၀-၅း၄၀	မအီချောင်းတံတား
၁၁း၄၅-၅း၄၅	Study Guide (အယ်ဒီဆင် အီလက်ထရွန်နစ် သင်တန်းကျောင်း)
၁၂း၀၀-၆း၀၀	သာသနာအလင်းဆောင်မည် ဓမ္မရောင်ခြည်
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၃၅-၆း၃၅	Myanmar Video Rhythm
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန် ပြဋ္ဌာန်း

* ရှေ့ဖုံးမှ

၃။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့တွင်ပါရှိသော ငွေဒဏ်များကို **"ငွေဒဏ်ဖြစ်စေ၊"** ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ မည်သူမဆို ပုဒ်မ ၂၇ အရ ချမှတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ်တစ်သောင်းမှ ကျပ်တစ်သိန်းအထိ ချမှတ်ခြင်းခံရမည်။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဇန်နဝါရီ ၂၀ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တရုတ်ရိုးရာ နွေဦးပွဲတော် ၂၀၀၉သို့ တက်ရောက်ချီးမြှင့်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zongying နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသားဟောင်းများ သက်ကြီးအာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသား ကျောင်းသူဟောင်းများ(၁၉၆၆-၁၉၉၆)၏ တတိယအကြိမ် သက်ကြီးအာစရိယ ပူဇော်ပွဲကို ဇန်နဝါရီ၂၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့် ကြားတောရ လမ်းထောင့်ရှိ ရွှေကျင်နိကာယသာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိမိတို့၏ ဆရာ ဆရာမတို့အား ဂါရဝတရားရှေ့ထား၍ ပူဇော်ကန်တော့နိုင်ကြရန်အတွက် လာရောက်ကုသိုလ်ယူ ပါဝင်ကြပါရန် သက်ကြီးအာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီက ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံအဆင့်မြင့် ဥပဒေရေးရာကျွမ်းကျင်သူများအဖွဲ့

သတ္တမအကြိမ်မြောက် အစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံအဆင့်မြင့် ဥပဒေရေးရာ ကျွမ်းကျင်သူများအဖွဲ့၏ သတ္တမအကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ နံနက်၉နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် သဘာပတိ ထိုင်းနိုင်ငံမှ Mr. Vasin Teeravechyan၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ Ms.Hjh. Nor Hashima Hj. Mohd Taib၊ ကမ္ဘောဒီးယားနိုင်ငံမှ Mr. Sok Khavan၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Mr. Rachmat Budiman၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ Mr. Kham Kheuang Bounteum၊ မလေးရှားနိုင်ငံမှ Ms.Noor Farida Ariffin၊ ဖိလစ်ပိုင်သမ္မတနိုင်ငံမှ Mr. Jose Eduardo Malaya၊ စင်ကာပူသမ္မတနိုင်ငံမှ Mr. Jeffrey Chan နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ Mr.Nguyen Xuan Thuy၊ အာဆီယံ အဆင့်မြင့်ဥပဒေရေးရာ ကျွမ်းကျင်သူများအဖွဲ့ အတွင်းရေးမှူး Dr. Temsak Chalermpalanupap နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံအဆင့်မြင့် ဥပဒေရေးရာကျွမ်းကျင်သူများအဖွဲ့ သဘာပတိ ထိုင်းနိုင်ငံမှ Mr. Vasin Teeravechyan က အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေး

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အာဆီယံ ပဋိညာဉ်စာချုပ်ပါ ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား အာဆီယံအဆင့်မြင့်ဥပဒေရေးရာ ကျွမ်းကျင်သူများအဖွဲ့တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံအဆင့်မြင့် ဥပဒေရေးရာကျွမ်းကျင်သူများအဖွဲ့ (HLEG) ၏ သတ္တမအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များဖြစ်ကြသော သဘာပတိ ထိုင်းနိုင်ငံမှ Mr. Vasin Teeravechyan၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ Ms. Hjh. Nor Hashima Hj. Mohd Taib၊ ကမ္ဘောဒီးယားနိုင်ငံမှ Mr. Sok Khavan၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Mr. Rachmat Budiman၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Mr. Kham Kheuang Bounteum၊ မလေးရှားနိုင်ငံမှ Ms.Noor Farida Ariffin၊ ဖိလစ်ပိုင်သမ္မတနိုင်ငံမှ Mr. Jose Eduardo Malaya၊ စင်ကာပူသမ္မတနိုင်ငံမှ Mr. Jeffrey Chan နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ Mr. Nguyen Xuan Thuy၊ အာဆီယံ အဆင့်မြင့် ဥပဒေရေးရာကျွမ်းကျင်သူများအဖွဲ့ အတွင်းရေးမှူး Dr. Temsak Chalermpalanupap တို့သည် ဇန်နဝါရီ ၁၈ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး သံတမန်ခန်းမသို့လာရောက် တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆေးကောင်စီ (၁/၂၀၀၉)ကြိမ်မြောက် အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံဆေးကောင်စီဥပဒေ အခန်း(၃) ပုဒ်မ၄(က)နှင့်အညီ မြန်မာနိုင်ငံဆေးကောင်စီကို ပြန်လည်ဖွဲ့စည်းရန် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ၁၇-၁၁-၂၀၀၈ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ချက်အရ၊ မြန်မာနိုင်ငံဆေးကောင်စီ၏ (၁/၂၀၀၉)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်၌ ဇန်နဝါရီ ၁၉ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခဦးကျော်မြင့်နိုင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ အစည်းအဝေးတွင် ဆေးကောင်စီ အလုပ်အမှုဆောင်ကော်မတီ ဖွဲ့စည်းရေးကိစ္စ၊ ဆပ်ကော်မတီဖွဲ့စည်းရေးကိစ္စ၊ အထွေထွေကိစ္စရပ်များနှင့် ဆေးကောင်စီနှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ် (၃၄)အတွက် လျှောက်လွှာခေါ်ယူ

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးဖွင့်လှစ်သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ် (၃၄)ကို စာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း အမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့တွင် မေ၈ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်ရာ ရန်ကုန်၊ မုံရွာနှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်များမှ ၂၀၀၆ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝါဏိဇ္ဇဘွဲ့ (B.Com) နှင့် စာရင်းကိုင်ပညာဘွဲ့ (B.Act) စာမေးပွဲတို့ကို ဖြေဆိုအောင်မြင်သူ (နောက်ဆက်တွဲစာမေးပွဲများဖြင့် အောင်မြင်သူများမပါ) ပြည်ထောင်စုမြန်မာနိုင်ငံသားများသာ တက်ရောက်ခွင့်ရှိကြောင်း၊ သတ်မှတ်လျှောက်လွှာပုံစံဖြင့် ဇန်နဝါရီ၃၉ရက်မှ ဖေဖော်ဝါရီ၆ရက်အထိ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း လျှောက်ထားသူကိုယ်တိုင် လာရောက်ပြီး လျှောက်လွှာတင်သွင်းနိုင်ကြောင်းနှင့် လျှောက်လွှာတင်ရာတွင် ၂၀၀၆ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝါဏိဇ္ဇဘွဲ့ (B.Com)နှင့် စာရင်းကိုင်ပညာဘွဲ့ (B.Act) စာမေးပွဲအောင်မြင်သည့် အထောက်အထား ဖြစ်သည့် ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့လက်မှတ်ထောက်ခံစာ (မူရင်းနှင့် မိတ္တူ)၊ အဆင့်သတ်မှတ်ချက်လက်မှတ် (မူရင်းနှင့် မိတ္တူ)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့် မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်ဖြစ်သည်။

သင်တန်းကြေး

ရွေးချယ်ခံရသူများ၏ အမည်စာရင်းကို မြန်မာနိုင်ငံစာရင်းကောင်စီရုံး၌ ဧပြီ၈ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် သင်တန်းကြေးများကို ဧပြီ ၉ရက်မှ ၃၀ရက်အတွင်း ပေးသွင်းကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ရက်က ကျင်းပရာ ဆဋ္ဌမတန်း ပထမဆုရ မအေးချမ်းပြေ့ကို မိဘဆရာအသင်း အမှုဆောင် ဒေါ်ဥမ္မာညွန့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

အမေရိကန်နိုင်ငံ၏ ၄၄ဦးမြောက် သမ္မတအဖြစ် မစ္စတာဘားရက်အိုဘားမား ကျမ်းသစ္စာကျိန်ဆိုရာတွင် ဇနီး မီချယ်လီ အိုဘားမားနှင့်အတူ တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ယူကရိန်းမှတစ်ဆင့် ဥရောပသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်ရေး စတင်နေပြီဟု ရုရှားသဘာဝဓာတ်ငွေ့ကုမ္ပဏီက ထုတ်ပြန်

မော်စကို ဇန်နဝါရီ ၂၀

ရုရှားနှင့် ယူကရိန်းတို့အကြား သီတင်းပတ်ပေါင်းများစွာ အလျှဉ်ပြတ်မှုများ အဆုံးသတ်ခဲ့ပြီးနောက် ရုရှားနိုင်ငံမှ ဂက်ဇ်ပရွမ် ကုမ္ပဏီအနေဖြင့် ယူကရိန်းနိုင်ငံမှတစ်ဆင့် ဥရောပသို့ သဘာဝဓာတ်ငွေ့ ပို့လွှတ်ဖြန့်ဖြူးရေးကို ဇန်နဝါရီ ၂၀ရက် ဒေသစံတော်ချိန် နံနက် ၁၀နာရီတွင် ပြန်လည်စတင်ခဲ့ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာသည်။

စတင်ဖြန့်ဝေ

ယင်းကုမ္ပဏီ၏ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူ ဆာဂျီကူပရီယာနော့ဗ်က ထိုသတင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယူကရိန်း ဝန်ကြီးချုပ် ယူလီယာတိုင်မိုရှင်ကိုက သဘာဝဓာတ်ငွေ့ စတင်ပို့လွှတ်မှုကို ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီတွင် လုပ်ဆောင်မည်ဖြစ်ကြောင်း စောစောပိုင်းက ပြောကြားခဲ့သည်။

အသုံးမပြုနိုင်

ပြီးခဲ့သည့် ဇန်နဝါရီ၁ရက်က စတင်ခဲ့သော ဓာတ်ငွေ့အလျှဉ်ပြတ်မှုများကြောင့် သန်းပေါင်းများစွာသော ဥရောပတိုက်သားတို့သည် ဓာတ်ငွေ့မီးဖိုကို အသုံးမပြုနိုင်ဘဲ ရှိနေခဲ့ကြကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

အမေရိကန်နိုင်ငံ၏ ၄၄ ဦးမြောက်သမ္မတအဖြစ် မစ္စတာဘားရက်အိုဘားမား ကျမ်းသစ္စာကျိန်ဆို

ဝါရှင်တန် ဇန်နဝါရီ ၂၀

အမေရိကန်နိုင်ငံ၏ ၄၄ဦးမြောက် သမ္မတအဖြစ် မစ္စတာဘားရက်အိုဘားမားက အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီရှိ ကက်ပီတော် အဆောက်အအုံ၌ ဇန်နဝါရီ ၂၀ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ်၃၀က အမေရိကန်နိုင်ငံ တရားသူကြီးချုပ် ဂျွန်ရောဘတ်စ် ရှေ့မှောက်၌ ကျမ်းသစ္စာ ကျိန်ဆိုလိုက်ပြီဖြစ်သည်။

ကျမ်းသစ္စာကျိန်ဆို

မစ္စတာဘားရက်အိုဘားမား၏ ဒုတိယသမ္မတအဖြစ်ရွေးချယ်ထားသူ ဂျိုဘိုင်ဒင်လည်း ဒုတိယသမ္မတအဖြစ် သမ္မတအိုဘားမား သမ္မတရာထူး၌ ကျမ်းကျိန်ခြင်းမပြုမီ ဦးစွာ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

မစ္စတာဘားရက်အိုဘားမား၏ သမ္မတရာထူး ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ အမေရိကန်သမ္မတနှင့် ဒုတိယသမ္မတဟောင်းများ အပါအဝင် ပရိသတ်သန်းနှင့်ချီကာ လာရောက်စုဝေးကြည့်ရှုခဲ့ကြသည်။

ပဉ္စမမြောက်

မစ္စတာဘားရက်အိုဘားမားသည် အမေရိကန်နိုင်ငံ၏၄၄ ဦးမြောက် သမ္မတအဖြစ်သာမက အမေရိကန်သမ္မတများ၌ ပဉ္စမမြောက် အသက်အငယ်ဆုံး သမ္မတတစ်ဦးလည်း ဖြစ်သည်။မစ္စတာအိုဘားမား၏ သမ္မတရာထူး ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးခဲ့ရာ အမေရိကန်နိုင်ငံနှင့် ကမ္ဘာတစ်ဝန်းမှ ပရိသတ်သန်းပေါင်းများစွာ ကြည့်ရှုအားပေးခဲ့ကြသည်။

တစ်ခဲနက်

ထို့အတူ ဝါရှင်တန်ဒီစီ လမ်းမများပေါ်နှင့် သမ္မတရာထူး ကျမ်းသစ္စာကျိန်ရာ အဆောက်အအုံပြင်ပ၌လည်း အပူချိန်ရေခဲမှတ်နီးပါးရောက်ရှိပြီး အအေးဓာတ်လွန်ကဲနေသော်လည်း ပရိသတ် သန်းပေါင်းများစွာတို့က တစ်ခဲနက် စုရုံးတက်ရောက်ခဲ့ကြသည်။

ကာကွယ်စောင့်ရှောက်

အမေရိကန်နိုင်ငံသမိုင်း၌ ပထမဆုံး လူမည်းသမ္မတဖြစ်လာသော မစ္စတာအိုဘားမားက ကျမ်းသစ္စာ ကျိန်ဆိုပြီးနောက် မိနစ်၂၀ခန့် မိန့်ခွန်းပြောကြားရာတွင် "အမေရိကန်နိုင်ငံ၏ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

အင်တာနက်ဖောင်ပိတ်သတင်း

ကမ္ဘာ့စျေးကွက်၌ ဒေါ်လာစျေးနှုန်း ကျဆင်းလာ

တိုကျို ဇန်နဝါရီ ၂၀

ကမ္ဘာ့စျေးကွက်၌ အမေရိကန်ဒေါ်လာစျေးနှုန်းမှာ ယခုရက်ပိုင်းအတွင်း ပိုမိုကျဆင်းလာခဲ့ကြောင်း ဂျပန်နိုင်ငံတိုကျိုမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များက ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

ကျဆင်း

တိုကျိုစျေးကွက်၌ ဇန်နဝါရီ ၁၅ ရက် ညနေ ၅ နာရီက အမေရိကန် တစ်ဒေါ်လာလျှင် ဂျပန် ယန်းငွေ ၉၀ ဒသမ ၆၃ ယန်းရှိရာမှ ဇန်နဝါရီ ၁၉ ရက်တွင် ယန်းငွေ ၉၀ အထိ ကျဆင်းလာခဲ့ကြောင်း သိရသည်။ (အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ခို့ထ်ပြည်နယ်တွင် အသေခံကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ ကင်းလှည့်ကား လမ်းဘေးဗုံးထိမှန် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ အရပ်သားသုံးဦးဒဏ်ရာရ

ကဘူးလ် ဇန်နဝါရီ ၂၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်၌ ဇန်နဝါရီ ၁၉ရက်က ရဲတပ်ဖွဲ့ယာဉ်တစ်စီး လမ်းဘေးဗုံးထိမှန်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အရပ်သားသုံးဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တတိယမြောက်ဗုံး

ဂီရက်ခ်ဒေသတွင် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးကင်းလှည့်နေစဉ် ယင်းနေ့ညနေ ၄ နာရီခွဲခန့်က လမ်းဘေးဗုံး ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း၊ အာဖဂန်အရှေ့ပိုင်း ခို့ထ်ပြည်နယ်တွင် တစ်ပြိုင်တည်း ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တစ်ရက်အတွင်း တတိယမြောက်ဗုံးအဖြစ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ၄င်းက ထပ်လောင်းပြောကြားသည်။

ထုတ်ဖော်ပြောကြား

တာလီဘန်အကြမ်းဖက်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယင်းပေါက်ကွဲမှုမှာ ၄င်းတို့လုပ်ရပ်ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ၂၀၀၈ ခုနှစ်အတွင်း အရပ်သား ၂၀၀၀ခန့်နှင့် နိုင်ငံခြားတပ်ဖွဲ့ဝင် ၂၉၄ဦး အပါအဝင် စုစုပေါင်း ၅၀၀၀ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ (အင်တာနက်)

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီပြည်နယ် ဟူကျို့မြို့ရှိ လမ်းများပေါ်၌ ဖုံးလွှမ်းနေသည့် ဆီးနှင်းများအား ရှင်းလင်းဖယ်ရှားနေသည်ကို ဇန်နဝါရီ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂါဇာကမ်းမြောင်ဒေသတွင် စစ်ကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများကို ဇန်နဝါရီ ၁၉ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂါဇာကမ်းမြောင်ဒေသပြန်လည်ထူထောင်ရေး ဒေါ်လာဘီလီယံများစွာကုန်ကျမည်ဟု ကုလသမဂ္ဂကပြောကြား

ကုလသမဂ္ဂ ဇန်နဝါရီ ၂၀

ဂါဇာကမ်းမြောင်ဒေသကို သီတင်းသုံးပတ်ကြာ ထိုးစစ်ဆင်တိုက်ခိုက်ပြီးနောက် ပြန်လည်တည်ဆောက်ရေးလုပ်ဆောင်ရန်မှာ ဒေါ်လာဘီလီယံပေါင်းများစွာ ကုန်ကျမည်ဟု ကမ္ဘာ့ကုလသမဂ္ဂက သတိပေးပြောကြားခဲ့ကြောင်း ဇန်နဝါရီ၂၀ရက်က အင်တာနက် သတင်းတွင် ဖော်ပြသည်။

ဖော်ပြ

ယင်းတိုက်ခိုက်မှုကြောင့် ထောင်သောင်းချီသော ပါလက်စတိုင်းများ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ကျန်ရစ်ခဲ့ပြီး ပြည်သူ ၄၀၀၀၀၀ မှာ သောက်သုံးရေ ပြတ်လပ်လျက်ရှိဆဲပင်ဖြစ်ကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

သွားရောက်

ဂါဇာကမ်းမြောင်ဒေသတွင် အပျက်အစီးများကို စစ်ဆေးရန်အတွက် ဇန်နဝါရီ ၂၀ ရက်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းသည် ယင်းဒေသသို့ သွားရောက်ခဲ့ကြောင်း သိရသည်။

ဝင်ရောက်ခွင့်ပြု

အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ချုပ်ဆိုထားသည့် အချိန်မရွေးပျက်ပြယ်နိုင်သည့် အပစ်အခတ်ရပ်စဲရေးကို စွဲကိုင်ထားချိန်တွင် ပါလက်စတိုင်းပြည်သူများအား ၄င်းတို့၏အိမ်များပျက်စီးမှုကို ပြန်လည်ကြည့်ရှုသိမ်းဆည်းနိုင်ရန် အိမ်များသို့ ပြန်လည် ဝင်ရောက်ခွင့်ပြုခဲ့သည်ဟု ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မော်လမြိုင်ခရိုင်အတွင်း သားငါးထွက်ရှိမှု ဖွံ့ဖြိုးတိုးတက်စေရေး
တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း မုဒုံမြို့နယ် အဇင်းဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေး

ရန်ကုန် ဇန်နဝါရီ ၂၀

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက မော်လမြိုင်ခရိုင်အတွင်း ၂၀၀၈-၂၀၀၉ခုနှစ်တွင် သားငါးထွက်ရှိမှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆည်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အစီအစဉ်အရ မုဒုံမြို့နယ် အဇင်းဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို ဇန်နဝါရီ ၁၃ရက်က အဆိုပါဆည်၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးက ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဇင်းဆည်အပါအဝင် ဆည်လေးဆည်အတွင်းသို့ ၂၀၀၈-၂၀၀၉ခုနှစ်တွင် ငါးသန်ကောင်ရေ ရှစ်သိန်း မျိုးစိုက်ထည့်ပေးပြီးမှ အခြေအနေနှင့် ငါးသယံဇာတများ မျိုးသုဉ်းထိခိုက်နိုင်သည့် ငါးဖမ်းဆီးနည်းများဖြင့် ငါးဖမ်းဆီးမှု မပြုရန် လိုအပ်ပုံတို့ကို ရှင်းလင်းတင်ပြသည်။

မျိုးစိုက်ထည့်

ထို့နောက် တိုင်းမှူးက လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများအား ငါးမျိုးအိတ်များကို လွှဲပြောင်းပေးအပ်ပြီး (**အပေါ်ပုံ**) တက်ရောက်လာကြသူများနှင့်အတူ အဇင်းဆည်အတွင်းသို့ ငါးမျိုးများကိုတပျော်တပါး မျိုးစိုက်ထည့်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂန့်ဂေါမြို့ ကျောတိုက်ရပ်ကွက် အမှတ်(၄)လမ်းဖွင့် ဘူတာကြီးနှင့် မြို့တွင်းသို့ ဆက်သွယ်သောလမ်းဖြစ်

ဂန့်ဂေါ ဇန်နဝါရီ ၂၀

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျောတိုက်ရပ်ကွက် အမှတ်(၄)လမ်း ကျောက်ချော လမ်းဖွင့်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီခွဲက အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ဆက်သွယ်ပေး

အဆိုပါလမ်းကို ခွင့်ပြုငွေကျပ် ၃၃သိန်းငါးသောင်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အရှည်ပေ ၁၈၀၀၊ အကျယ်၁၂ပေရှိ၍ ဘူတာကြီးနှင့်မြို့တွင်းသို့ ဆက်သွယ်ပေးသောလမ်း ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ၌ ကျင်းပသည့် နာဂစ်မုန်တိုင်းဒဏ်ခံရသူများအတွက် အာဆီယံလူသားချင်းစာနာမှု အထောက်အကူ ပေးရေးပင်မအဖွဲ့၏ ပဋ္ဌမအကြိမ် အစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

Adobe အောင်လက်မှတ်ရ ကျွမ်းကျင်သူသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၀

ယခုအခါ ကြော်ငြာများ၊ Animation များ၊ ဂိမ်းနောက်ခံများ၊ ရုပ်ရှင်များ၊ Logo များ၊ ကာတွန်းများ၊ ပန်းချီများ၊ ဝတ္ထု၊ မဂ္ဂဇင်းသုံး ရုပ်ပုံကားချပ်များ၊ သိပ္ပံပညာဆိုင်ရာ အနုပညာလက်ရာများသည် သမားရိုးကျစနစ်မှ ကွန်ပျူတာကို အခြေခံ၍ မိမိတို့ တင်ပြလိုသော Theme ပိုမိုပြောင်မြောက်အောင် အသုံးပြုလာကြရာ ယင်းကွန်ပျူတာတွင် အသုံးပြုရသည့် ပညာရပ်များမှာ တစ်စထက်တစ်စ ရေပန်းစားလာခဲ့သည်။

စတင်မည်

Mobile ဖုန်းများ၊ You tube ၊ Google Video နှင့် Internet Website အများအပြားတွင် Interactive Video များ ပိုမိုအသုံးပြုလာကြသည်။ ထို့အပြင် ဆောက်လုပ်ရေး ဗိသုကာပညာရှင်များ၊ ရုပ်ရှင်ဒါရိုက်တာများ၊ ပန်းချီဆရာများ၊ ဒီဇိုင်းပညာရှင်များ၊ Archeological ပညာရှင်များနှင့် ဆေးပညာရှင်များပါ ကွန်ပျူတာအခြေခံသည့် ယင်းပညာများကို မဖြစ်မနေ သုံးစွဲကြရသည်။ ထို့ကြောင့် STI Education က ယင်းလိုအပ်ချက်များကို တစုတစည်းတည်း ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ Adobe အောင်လက်မှတ်ရ ကျွမ်းကျင်သူသင်တန်းကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးနှင့် တစ်ခုတည်းသော သင်တန်းကျောင်းအဖြစ် ဖေဖော်ဝါရီ ၈ ရက်တွင် စတင်သင်ကြားပို့ချမည်ဖြစ်သည်။

သင်ကြားမည်

ယင်းသင်တန်းတွင် Adobe Photoshop, Flash, Illustrator နှင့် ACE စာမေးပွဲ ပြင်ဆင်လေ့ကျင့်ခြင်းများ ပါဝင်မည်ဖြစ်ပြီး Illustrator Software နည်းပညာစနစ်ကို သင်ကြားမည်ဖြစ်ရာ စာသားများ၊ စကားလုံးများနှင့် သရုပ်ဖော်ရန် မလုံလောက်သည့် ပြကွက်များ၊ အယူအဆများကို ပိုမိုထူးခြားလေးနက်လာအောင် ခိုင်ခိုင်မာမာ၊ ထိထိမိမိဖြင့် မိမိ တင်ပြလိုသော စကားလုံးများနှင့်စာသားများနေရာတွင် တင်ပြပုံတို့ကို သင်ကြားမည်ဖြစ်သည်။

ထို့အပြင် မဂ္ဂဇင်း၊ ဝတ္ထု၊ သတင်းစာ၊ ဂျာနယ်မျက်နှာဖုံးများနှင့် အတွင်းပိုင်း စာမျက်နှာဖွဲ့စည်းပုံများကို ပြင်ဆင်ပုံများ၊ ပိုစတာ ပြုလုပ်ပုံများ၊ ကြော်ငြာများ၊ Billboard များ ပြုလုပ်ဖန်တီးပုံတို့ကိုလည်း သင်ကြားပေးမည် ဖြစ်သည်။ သို့ပါ၍ ကာတွန်းရေးဆရာများ၊ Graphic ဒီဇိုင်းပညာရှင် ဖြစ်လိုသူများ၊ ပန်းချီဆရာများ၊ Visualizer များ၊ Architectural / Illustrator များ၊ Archaeological၊ Science fiction visual artists များ၊ Caricaturist များအတွက် အထူးသင့်လျော်သည်။

အထူးသင့်လျော်

အဆိုပါသင်တန်းသည် ဓာတ်ပုံ၊ ဗီဒီယို၊ ဒီဗွီဒီများဖန်တီးခြင်း၊ e-learning နှင့် e-Training များ၊ Mobile ဖုန်းသုံး ဗီဒီယိုများ၊ စာပုံနှိပ်ထုတ်လုပ်ခြင်း၊ Website Design များ၊ Web conferencing များ၊ Internet နှင့် e-mail advertising များတွင်အသုံးဝင်သော Background များ၊ Logo များ၊ ကြော်ငြာဒီဇိုင်း ဖန်တီးခြင်းများ၊ ကြော်ငြာဒါရိုက်တာများ၊ ရုပ်ရှင်ဒါရိုက်တာများအတွက် အထူးသင့်လျော်သည်။ သင်တန်းပြီးဆုံးပါက Adobe အောင်လက်မှတ်ရ ကျွမ်းကျင်သူစာမေးပွဲဖြေဆိုရန် အသင့်ပြင်ဆင်ပြီး ဖြစ်သည်။ အဆိုပါသင်တန်းကို လုပ်သက် ၁၀ နှစ်ကျော်ရှိ Adobe အောင်လက်မှတ်ရ ကျွမ်းကျင်သူများက သင်ကြားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

စိတ်ပါဝင်စားသူများသည် Myanmar Info-Tech အဆောင် (၄) အခန်း (၇)နှင့် အမှတ်၃၇၇ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၂၅၀၀၅၆ နှင့် ၇၀၀၂၇၃ တို့သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော
မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၀

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံ အတွင်းရေးမှူးချုပ်၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၁၆ရက်နှင့် ၁၇ရက်တို့တွင် ထိုင်းနိုင်ငံ၌ကျင်းပသည့် မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းဒဏ်ခံရသူများအတွက် အာဆီယံလူသားချင်းစာနာမှု အထောက်အကူပေးရေးပင်မအဖွဲ့၏ ပဋ္ဌမအကြိမ် အစည်းအဝေးနှင့် အကြိုညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ဆွေးနွေးခဲ့

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ၁၆ရက်က ဗန်ကောက်မြို့ အာမာရီဝါးတားဂိတ် ဟိုတယ်၌ ကျင်းပသည့် မြန်မာနိုင်ငံ နာဂစ်မုန်တိုင်းဒဏ်ခံရသူများ အတွက် အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေး ပင်မအဖွဲ့၏ ပဋ္ဌမ အကြိမ်အစည်းအဝေးအတွက် အကြိုညှိနှိုင်း အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ဇန်နဝါရီ ၁၇ရက်တွင် မြန်မာနိုင်ငံ နာဂစ်မုန်တိုင်း ဒဏ်ခံရသူများအတွက် အာဆီယံလူသား ချင်းစာနာမှု အထောက်အကူပေးရေးပင်မ အဖွဲ့၏ ပဋ္ဌမအကြိမ် အစည်းအဝေးသို့ တက်ရောက်ကာ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ ဥက္ကဋ္ဌဒုတိယဝန်ကြီး ဦးကျော်သူက သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ အစီရင်ခံစာကို တင်သွင်းခဲ့သည်။ ထို့အပြင် တက်ရောက်လာကြသူများက နာဂစ်မုန်တိုင်းအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၏ စားပွဲဝိုင်းဆွေးနွေးပွဲ ရလဒ်များကိုလည်း ဆွေးနွေးကြသည်။

ပြန်လည်လိုက်ပါလာ

ဒုတိယဝန်ကြီးဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၈ရက်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှပြန်လည်ရောက်ရှိပြီး အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့ခိုင်တို့ ပြန်လည် လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

ဇန်နဝါရီ ၁၀ရက်က တာမွေမြို့နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့(၂၀၀၉)တွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်မိမိတင်နှင့်ဝန်ထမ်းများ၊ အရိုးကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများမှတာဝန်ရှိသူများက ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစဉ်။

(၁၇၁)

မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် သဇင်မြိုင်စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲ

ရန်ကုန် ဇန်နဝါရီ ၂၀

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စက်ဆန်းရပ်ကွက် သဇင်မြိုင်စာကြည့်တိုက်တွင် ဇန်နဝါရီ ၁၃ရက်က စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျင်သိန်းက အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**

စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့်စာဖတ်ပရိသတ်များ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က စံ(၅)ရပ်နှင့် ညီသော စာကြည့်တိုက်များဖြစ်ပေါ်လာရေး အတွက်ရှင်းလင်းဟောပြောပြီးတက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရခိုင်ပြည်နယ်ဂုဏ်ဆောင် ထူးချွန်အားကစားသမားများဂုဏ်ပြု တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၀၈ခုနှစ် ရခိုင်ပြည်နယ် ဂုဏ်ဆောင်ထူးချွန် အားကစားသမားများအား ဂုဏ်ပြုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ ၁နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်နှင့်ဇနီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းဝင်များ၊ ဆရာဆရာမများ၊ ဆုရအားကစားသမားများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီးနောက် ကာယဗလ မောင်မယ်ပြိုင်ပွဲနှင့် တံခွန်စိုက်ဒိုင်းရရှိခဲ့သော အားကစားအဖွဲ့မှ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးထံသို့ ဒိုင်းဆုအား အပ်နှံခဲ့ကြသည်။ **(အပေါ်ယာပုံ)**

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း အားကစားပြိုင်ပွဲများတွင် ပထမဆု(ရွှေ)တံဆိပ်ရရှိခဲ့သော အားကစားသမား ၁၀ ဦး၊ ဒုတိယဆု(ငွေ)ရရှိခဲ့သော အားကစားသမား ကိုးဦး၊ တတိယဆု(ကြေး)တံဆိပ်ရရှိခဲ့သော အားကစားသမား ၁၉ ဦး စုစုပေါင်း အားကစားသမား ၃၈ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့် ပေးအပ်သည်။

(၁၁၃)

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အင်္ဂလိပ်စာဘာသာ စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၂၀

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၈ခုနှစ် ဂန်ကူးလ် (Gunkul Engineering Co., Ltd) အင်္ဂလိပ်စာဘာသာ စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများ ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် လှိုင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးမြတ်စိုး(မြတ်စိုး-လှိုင်)တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဂန်ကူးလ် အင်္ဂလိပ်စာဘာသာစာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာအထက်တန်း(၉တန်း၊ တက္ကသိုလ်ဝင်တန်း)၌ ပထမ မောင်ဝေလင်းအောင်(အထက-၄)၊ ဒုတိယ မောင်ဖြိုးဝေထူး(အထက-၂)၊ တတိယ မောင်မြတ်မင်းသန့်(အထက-၁) နှင့်အထူးဆု မောင်ငြိမ်းချမ်း(အထက-၁)၊ အခြေခံပညာအထက်တန်း (အဋ္ဌမတန်း) ပြိုင်ပွဲ၌ ပထမ မနီလာလွင် (အလက-၈)၊ ဒုတိယ မအိခိုင်ဇင် (အလက-၈)၊ တတိယ မမြတ်အိစံ (အလက-၇)နှင့် အထူးဆု မခင်အေမီစောထွန်း (အထက-၂)၊ အခြေခံပညာအလယ်တန်း(၅/၆/၇တန်း) ပြိုင်ပွဲ၌ ပထမ မမေပိုးဦး (မူလွန်-၂)၊ ဒုတိယ မဖူးငုံသစ် (မူလွန်-၁၀)၊ တတိယ မောင်ဝင်းကျော် (မူလွန်-၁၀)၊ အထူးဆု မောင်သော်စစ်နိုင် (အထက-၄)၊ ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ တစ်မြို့နယ်လုံး အင်္ဂလိပ်စာဘာသာ အမှတ်အများဆုံးရ မမေမြတ်သူ (ငါးဘာသာ ဂုဏ်ထူးရှင် အထက-၁၊ လှိုင်) နှင့် မမြတ်နိုးချစ် (လေးဘာသာဂုဏ်ထူးရှင် အထက-၂၊ လှိုင်) တို့နှစ်ဦးအား အလှူရှင် ဦးသီဟသူရမွန်နှင့် တာဝန်ရှိသူများက ငွေသားဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ဇီးကုန်း၌ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ဇီးကုန်း ဇန်နဝါရီ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင် လှူဒါန်းပွဲကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ် ဥက္ကဋ္ဌ ဦးညွန့်စိုး**(အပေါ်ပုံ)**နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာဦးတို့က ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများအား စာအုပ်များပေးအပ်လှူဒါန်းသည်။

ပေးအပ်

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်မျိုးစုံ အုပ် ၂၄၄၀နှင့် စာကြည့်တိုက်ငွေပဒေသာပင် အတိုးမှရရှိငွေဖြင့် လှူဒါန်းသော စာအုပ်ပေါင်း ၁၀၇အုပ်ကို ကျေးရွာစာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်မှူးများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက် ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး။

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တောင်ငူမြို့ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(ဆက်သွယ်ရေး)

ပဲခူးတိုင်း(အရှေ့) ဆက်သွယ်ရေးစခန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇန်နဝါရီ၁၇ရက်တွင် ပဲခူးတိုင်း(အရှေ့) ရေနီမြို့ အော်တိုအိတ်ချိန်းသစ် တည်ဆောက်မည့် မြေနေရာနှင့် မြို့လှမြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ် အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ဆွာမြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်း တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ရေတာရှည်မြို့ အော်တိုအိတ်ချိန်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် တောင်ငူမြို့ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး GSM စက်ခန်း၊ CDMA (450) စက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် အဝေးဆက်သွယ်မှုလိုင်းများ ကောင်းမွန်ရေးတို့ကို မှာကြားသည်။

အမှာစကားပြောကြား

ဝန်ကြီးသည် ဇန်နဝါရီ ၁၈ရက်တွင် ရန်ကုန်မြို့ ဟံသာဝတီအပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသော ဆက်သွယ်ရေးလုပ်ငန်းများ လုံခြုံ၊ မြန်ဆန်၊ တိုးတက်ကောင်းမွန်စေရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ

မီးဘေးကြိုတင် ကာကွယ်ရေး

ဇန်နဝါရီ ၁၈ရက်က တာမွေမြို့နယ် ဖျိုင်းကွက်သစ်ရပ်ကွက်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဟောပြောပွဲ ကျင်းပရာ တာမွေမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယ မီးသတ်ဦးစီးမှူး ဦးအောင်လင်းဦး ဟောပြောစဉ်။

(မြို့နယ်မီးသတ်)

စစ်ကိုင်းတိုင်း လဟယ်မြို့၌ကျင်းပသော မီနီမာရသွန်ပြိုင်ပွဲ ဝန်ကြီးပိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်တာလွှတ်ပေး

ရန်ကုန် ဇန်နဝါရီ ၂၀

အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇန်နဝါရီ ၁၅ရက် နံနက် ၅နာရီခွဲက စစ်ကိုင်းတိုင်း လဟယ်မြို့၌ကျင်းပသော မီနီမာရသွန်ပြိုင်ပွဲကို သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ပထမပန်းဝင်

အဆိုပါပြိုင်ပွဲသို့ အားကစားသမား ၇၂ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ၁၆မိုင်ကွာဝေးကာ လဟယ်မြို့ အားကစားကွင်းအတွင်းသို့ ပန်းဝင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းမှ မောင်လောင်နံပီက ၁ နာရီ ၄၁မိနစ် ၂၀စက္ကန့်ဖြင့် ပထမပန်းဝင်ခဲ့ပြီး ပြိုင်ပွဲဝင် ၅၈ဦးတို့လည်း အသီးသီးပန်းဝင်ခဲ့ကြသည်။

ကျင်းပ

အဆိုပါ အားကစားကွင်းအတွင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ သံပြားပစ်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲများနှင့် ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာချီလိတ်၌ ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းသစ်ဖွင့်

တာချီလိတ် ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ဆမ်လောဝ်ခရီးသည်ပို့ဆောင်ရေး အဆင့်မြင့် မှန်လုံ အမြန်မော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၈ နာရီက ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ အဆိုပါယာဉ်လိုင်းဂိတ်၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုး တက်ရောက်ပြီး ယာဉ်လိုင်းသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ယာဉ်လိုင်းသည် တာချီလိတ်၊ မိုင်းဖြတ်၊ ကျိုင်းတုံသို့ ပြေးဆွဲပေးမည်ဖြစ်သည်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်း သတင်းများ

ရွှေကျင်သံဆိပ်ကျေးရွာ အလင်းရောင်စာကြည့်တိုက်ဖွင့်

ရွှေကျင်မြို့နယ် သံဆိပ်ကျေးရွာအုပ်စု ရွာမကျေးရွာ အလင်းရောင် စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဇန်နဝါရီ ၁၀ရက် နံနက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးစိုးရည်နှင့် သံဆိပ်ကျေးရွာအုပ်စုဥက္ကဋ္ဌဦးဝင်းမြင့်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ဘားအံ၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

အမျိုးသားကာကွယ်ဆေးတိုက်ကျွေးနေ့များ(၂၀၀၉)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ရက် နံနက် ၇နာရီက ကရင်ပြည်နယ် ဘားအံမြို့ ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက် အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးရုံး အလယ်ကွက်လပ်တွင် ငါးနှစ်အောက် ကလေးငယ်များအား ကရင်ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခဲ့ကြသည်။ (၀၀၈)

ကျေးသီး၌ ပညာရေးစုံညီပွဲတော်နှင့်ဘောလုံးပြိုင်ပွဲဖွင့်

လွိုင်လင်ခရိုင် ကျေးသီးမြို့နယ် ပညာရေးစုံညီပွဲတော်နှင့် မြို့နယ်ပညာရေးမှူးဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီက ကျေးသီးမြို့နယ် အားကစားကွင်း၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့် မြို့နယ်ပညာရေးမှူး ဦးစိုင်းအောင်ကျော်တို့က အမှာစကားပြောကြားပြီး ပညာရေး စုံညီပွဲတော်နှင့် ဘောလုံးပြိုင်ပွဲကို မြို့နယ်အတွင်းမှ အထက၊အထကခွဲ၊ အထက (တွဲ)၊ အလကနှင့်အမကကျောင်းများမှ ကျောင်းသားများ ပါဝင်ဆင်နွှဲကြပြီး ဇန်နဝါရီ ၂ရက်အထိ ကျင်းပခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ပင်လည်ဘူးဒေသဖွံ့ဖြိုးရေး အလှူငွေများပေးအပ်

စစ်ကိုင်းတိုင်း ပင်လည်ဘူးမြို့ အထက်တန်းကျောင်း အောင်မြတ်ခန်းမ၌ ဇန်နဝါရီ ၁ရက် နံနက် ၁၀နာရီက ဧရာဝတီတိုင်း စေတနာရှင်လုပ်ငန်းရှင်များမှ ပင်လည်ဘူးမြို့နယ်၏ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲရန် လှူဒါန်းပံ့ပိုးခဲ့သည့် အလှူငွေပေးအပ်ပွဲကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်အေးက အလှူရှင်များကိုယ်စား သက်ဆိုင်ရာ အသီးသီးသို့ အလှူငွေများ ပေးအပ်ခဲ့သည်။ (၀၂၉)

ခင်ဦး အောင်ချမ်းသာ မူလွန် အာစရိယပူဇော်ပွဲ

ခင်ဦးမြို့ အောင်ချမ်းသာရပ်ကွက် အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက ကျင်းပရာ အပူဇော်ခံဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြသည်။ (၁၈၂)

သာဝတ္ထိ အထက မြတ်ဆရာပူဇော်ပွဲကျင်းပ

နေပြည်တော်လယ်ဝေး သာဝတ္ထိအခြေခံပညာအထက်တန်းကျောင်း ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀နာရီက အဆိုပါကျောင်း မြက်ခင်းပြင်၌ကျင်းပရာ ပူဇော်ပွဲသို့ တက်ရောက်လာကြသော အပူဇော်ခံဆရာကြီး ဆရာမကြီး ၅၉ဦးတို့အား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့၍ ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ (၀၈၃)

ရမည်းသင်း၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

၂၀၀၉ ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးရေးနေ့ (ပထမ)အကြိမ် အသက်(၅)နှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးကို ဇန်နဝါရီ ၁၀ရက် နံနက် ၇နာရီခွဲမှစ၍ ရမည်းသင်းမြို့နယ်၌ တစ်ပြိုင်တည်း တိုက်ကျွေးကြသည်။ (၁၆၉)

မင်းကင်းမြို့ ထန်းပင်ချောင်ရွာ အလက(ခွဲ)ဖွင့်

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ထန်းပင်ချောင်ရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဖွင့်ပွဲကို ဇန်နဝါရီ ၁၂ရက် နံနက် ၁၀ နာရီက ကျင်းပရာ အလက(ခွဲ) ဆိုင်းဘုတ်ကို မြို့နယ်ပညာရေးမှူး ဦးဟန်ငွေနှင့် ကျောင်းအကျိုးတော်ဆောင် ဦးကျော်ချိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ယာယီဥက္ကဋ္ဌ ဒုရဲအုပ်ခင်မောင်ဝင်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ (၀၃၃)

မန္တလေး၌ မီးသတ်ယာဉ်/စက်ကြွခိုင်ရေးကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မန္တလေးခရိုင်အတွင်းရှိ မီးသတ် မော်တော်ယာဉ် ၇၃ စီး၊ ရေစုပ်စက် ၁၁ လုံးတို့ကို ယာဉ်/စက်ကြွခိုင်မှုအတွက် ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုးနှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ အရန်မီးသတ်စခန်းကို သွားရောက်စစ်ဆေးကြသည်။ (၀၉၀)

စလင်း၌ ကျေးရွာစာကြည့်တိုက်များဖွင့်

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စလင်းမြို့နယ် ကျေးလက်စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးဦးစီးကော်မတီများ၏ ကူညီပံ့ပိုးမှု၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးအဖွဲ့၏ ကွင်းဆင်းစည်းရုံးမှုတို့ဖြင့် ကျေးလက်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားများနှင့် လှူဒါန်းပွဲများကျင်းပရာ ဒီဇင်ဘာ ၂၇ရက်က နတ်ကပ်ကျေးရွာ လင်းအရဏ်စာကြည့်တိုက်နှင့် ပန်းတောအုပ်စု ရှားတောရွာကျေးလက်လူငယ်စာကြည့်တိုက် အဆောက်အအုံသစ်တို့ကို မြို့နယ်ဦးစီးမှူး ဦးသန့်ရှင်းမောင်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးသည်။ (မြို့နယ် ပြန်/ဆက်)

စက်မှု(၁) အထူးဈေးရောင်းပွဲတော် လှိုင်မြို့နယ် အားကစားကွင်းတွင်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၀

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို လှိုင်မြို့နယ် အားကစားကွင်းတွင် ဇန်နဝါရီ ၂၀ရက် နံနက် ၈နာရီက ကျင်းပသည်။ အခမ်းအနားတွင် သားရေစက်ရုံးမှူးဦးထင်ကျော်နှင့် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ဈေးရောင်းပွဲတော် မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အထူးဈေးရောင်းပွဲတော်တွင် မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတို့မှ ထုတ်လုပ်သော ကုန်ပစ္စည်းအမျိုးပေါင်း ၃၃၅မျိုးတို့ကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ အထူးဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ (စက်မှု-၁)

ဖုန်ဂန်ရာဇီရေခဲတောင်ထိပ်သို့ တက်ရောက်ခဲ့သည့် ILBC ခြေလျင်နှင့် တောင်တက်အဖွဲ့

အတွေ့အကြုံ ရှင်းလင်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ဖုန်ဂန်ရာဇီ ရေခဲတောင်ထိပ်သို့ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၇ရက်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၉ရက်အထိ တက်ရောက်ခဲ့ကြသည့် ILBC ခြေလျင်နှင့် တောင်တက်အဖွဲ့၏ ခရီးစဉ်အတွေ့အကြုံရှင်းလင်းပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ဇန်နဝါရီ ၁၈ရက် ညနေ ၅နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ International Language & Business Centre (ILBC) ၌ကျင်းပရာ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်း၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ILBC ခြေလျင်နှင့် တောင်တက်အဖွဲ့ဝင်များ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အတွေ့အကြုံရှင်းလင်း

ရှေးဦးစွာ ILBC မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ILBC ခြေလျင်နှင့် တောင်တက်အဖွဲ့ ခေါင်းဆောင် ကျောင်းအုပ်ဆရာကြီး ဦးလေးမောင် (ဝဲပုံ) က တောင်တက်ခရီးစဉ်နှင့် စပ်လျဉ်းသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ပြန်လည်ဖြေကြား

ယင်းနောက် စာနယ်ဇင်းများက သိရှိလိုသည်များကို မေးမြန်းကြရာ ကျောင်းအုပ်ဆရာကြီးဦးလေးမောင်နှင့် အဖွဲ့ဝင်များက ပြန်လည်ဖြေကြားကြသည်။

အောင်မြင်စွာတက်ရောက်နိုင်

ILBC ခြေလျင်နှင့် တောင်တက်အဖွဲ့ကို ကျောင်းအုပ်ဆရာကြီး ဦးလေးမောင် ခေါင်းဆောင်၍ ကျောင်းသား ကျောင်းသူ ၂၁ဦးပါဝင်ပြီး စုစုပေါင်းအဖွဲ့ဝင် ၃၉ ဦးတို့သည် ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ အမြင့်ပေ ၁၁၈၆၀ ရှိသည့် ဖုန်ဂန်ရာဇီ ရေခဲတောင်ထိပ်ကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ရက် နံနက် ၉ နာရီတွင် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည်။ (သတင်းစဉ်)

မြို့နယ်လုပ်ငန်းများ ဆောင်ရွက်ရန် ကျောင်းကုန်း၌ မော်တော်ယာဉ် လွှဲပြောင်းပေးအပ်

ကျောင်းကုန်း ဇန်နဝါရီ ၂၀

မြို့နယ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်၁၂၅သိန်း တန်ဖိုးရှိ မော်တော်ယာဉ် (၈ဂ/၁၄၇၈ Toyota Town Ace) လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ရက် နံနက် ၁၀နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အေးချမ်းသာယာခန်းမရှေ့၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မော်တော်ယာဉ် လက်ခံရေးနှင့်ပြုပြင်ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်ထံသို့ ငွေကျပ် ၁၂၅သိန်းတန်ဖိုးရှိ Toyota Town Ace အမျိုးအစား ကားနှင့် စာရွက်စာတမ်းများကို မော်တော်ယာဉ်ဝယ်ယူရေးကြီးကြပ်မှုကော်မတီကိုယ်စား ဦးခင်အောင်ဆွေက လွှဲပြောင်းပေးအပ်သည်။

လှူဒါန်း

ဆက်လက်၍ အမှတ်(၂) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံသစ် ဆောက်လုပ်ရန် ငွေကျပ်သိန်း ၅၀လှူဒါန်းရာ မြို့မိမြို့ဖများကိုယ်စား ဦးခင်စိုးက အမှတ်(၂)ရပ်ကွက် ဥက္ကဋ္ဌ ဦးသိန်းထွန်းထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (၁၅၄)

❒ ကျောဖုံးမှ

သူတို့အဖွဲ့တွင် အသက်အငယ်ဆုံး (၁၄)နှစ် သားလေး မောင်အေးမိုးမြင့်နှင့်(၁၅)နှစ်သမီးလေး မစိုးရက်စီး အပါအဝင် ကျောင်းသားကျောင်းသူအဖွဲ့ဝင် ၂၁ဦးနှင့် အတူ ကျောင်းအုပ်ဆရာကြီးနှင့် အဖွဲ့ဝင်များ စုစုပေါင်း အဖွဲ့ဝင် ၃၉ဦးတို့ ပါဝင်ကြ၏။

ရောက်ရှိ

နှစ်သစ်၏ ကနဦးဆုံး နေ့ရက် နံနက် ၉နာရီတွင် အမြင့်ပေ ၁၁၈၆၀ ရှိ ဖုန်ဂန်ရာဇီရေခဲတောင်၏ တောင်ထိပ်သို့ ရောက်ရှိကြသည်။ အဖွဲ့ဝင်များသည် ရာသီဥတုဒဏ်၊ ပင်ပန်းနွမ်းနယ်မှုဒဏ်များကို ကြုံတွေ့ခဲ့ကြသော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အလံတော်ကို တောင်ထိပ်တွင် စိုက်ထူပြီး အောင်ပွဲခံ၊ အောင်မြေနင်းမိသည့် အခိုက်မှာပင် မိုးဆမ်းပန်းတို့နှယ် နွမ်းသမျှ လန်းခဲ့ကြရပေသည်။ တစ်နည်းအားဖြင့် အသက်အကြီးဆုံး(၁၆)နှစ်မှ အသက်ငယ်ဆုံး (၁၄)နှစ်မျှသာ ရှိကြသေးသော ပီဘိကျောင်းသားငယ်တို့၏ ဖုန်ဂန်ရာဇီအပေါ် အောင်နိုင်ခြင်းလည်း မည်ပါပေသည်။

ခရီးအစ

ရည်မှန်းချက်ပန်းတိုင်တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီးမှ ခရီးအစကို ပြန်ပြောင်းတွေးဆဆင်ခြင်မိသော် ILBC ခြေလျင်နှင့် တောင်တက်အသင်း အဖွဲ့ဝင်တို့၏ ခရီးအစက ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၇ရက် ဖြစ်သည်။

အဖွဲ့ဝင်များသည် ရန်ကုန်မှ ပူတာအိုမြို့သို့ မြန်မာ့လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြပြီး အထက်ရှန်ဂေါင်ရွာသို့ ညနေ ၄နာရီခွဲတွင် ရောက်ရှိကြကာ ညအိပ်ရပ်နားခဲ့ကြသည်။

ဒီဇင်ဘာ ၂၈ရက်တွင် ခြေလျင်ခရီးအဖြစ်အထက်ရှန်ဂေါင်ရွာမှ နံနက် ၇နာရီခွဲတွင် ထွက်ခွာခဲ့ကြပြီး ဝါဆမ်ဒမ်းရွာသို့ ညနေ၄နာရီခွဲတွင် ရောက်ရှိကြကာ ညအိပ် ရပ်နားခဲ့ကြသည်။ ယင်းနေ့ခရီးကား လူငယ်လူရွယ်အဖွဲ့ဝင်တို့ အတွက် Long Range Penetration (L.R.P) ခရီးရှည်ထိုးဖောက်ချီတက်မှုတစ်ရပ်ပင်။ ပေ ၅၀၀၀ကျော်မြင့်သော ဆလိုင်မာဒင်တောင်ကိုပင်ကျော်ဖြတ်ခဲ့ကြရသေး၏။

ဒီဇင်ဘာ၂၉ရက်တွင် ဝါဆမ်ဒမ်းရွာမှ နံနက်၈နာရီတွင် ထွက်ခွာခဲ့ကြပြီး ဇီယာဒမ်းရွာသို့ ညနေ၃နာရီတွင် ရောက်ရှိကြကာ ညအိပ် ရပ်နားခဲ့ကြပြန်သည်။ အဖွဲ့ဝင်တို့အတွက် ဇီယာဒမ်းရွာကား နောက်ဆုံးရွာပင် ဖြစ်ပါသည်။

နှစ်ဟောင်း၏ နောက်ဆုံးနေ့ရက် ဒီဇင်ဘာ ၃၁ ရက်တွင်မူ အောက်သစ်ပင်ကြီးစခန်းမှ နံနက်၈နာရီခွဲတွင် ထွက်ခွာခဲ့ကြပြီး ထိုမှတစ်ဆင့် ခမ်းတောက်မြစ်စခန်း၊ ထိုမှလွန်သော်ရေခဲစပ်စုရပ်သို့ ညနေ ၄နာရီတွင် ရောက်ရှိခဲ့ကြ၏။

နှစ်သစ်၏ ကနဦးဆုံးနေ့ ဖြစ်သော ၂၀၀၉ခုနှစ် ဇန်နဝါရီ၁ရက်နေ့ကား အဖွဲ့ဝင်တို့၏ ဘဝအတွက် မေ့ပျောက်၍ မရနိုင်သော နေ့ရက်ဖြစ်ပေသည်။ နံနက် ၅နာရီခွဲမှ စတင်၍ ရေခဲစပ်စုရပ်မှ တောင်ထိပ်သို့၊ တောင်ထိပ်မှ ရေခဲစပ်စုရပ်သို့၊ ထိုမှတစ်ဖန် အောက်သစ်ပင်ကြီးစခန်းသို့ ပြန် ရောက်ကြသော် ညဉ့၉နာရီခွဲပင်တိုင်ခဲ့ချေပြီ။ ညအိပ် ရပ်နားကြပြီး တစ်နေ့တာ၏ ခရီး နာရီပေါင်းကို ပြန်တွက်ကြည့်သော် ၁၄နာရီပင် ကြာမြင့်ခဲ့ကြောင်း သိကြရ၏။

ILBC ခြေလျင်နှင့် တောင်တက်အဖွဲ့ ဖုန်ဂန်ရာဇီရေခဲတောင်သို့ တက်သည့်လမ်းတစ်လျှောက် ရေခဲများ ဖုံးအုပ်နေသဖြင့် ဤသို့ခက်ခက်ခဲခဲ တက်ရောက်ခဲ့ကြရသည်။

ပူတာအို

ဇန်နဝါရီ ၂ရက်တွင်မူ အောက်သစ်ပင်ကြီးစခန်းမှ ဇီယာဒမ်းရွာသို့၊ ဇန်နဝါရီ ၃ရက်တွင် ဇီယာဒမ်းရွာမှ ဝါဆမ်ဒမ်းရွာသို့၊ ဇန်နဝါရီ ၄ရက်တွင် ဝါဆမ်ဒမ်းကျေးရွာမှအထက်ရှန်ဂေါင်ရွာ၊ ထိုမှတစ်ဆင့် ပူတာအိုသို့ ညနေပိုင်းတွင် ပြန်ရောက်ခဲ့ကြပေသည်။

ကြာမြင့်ခဲ့

ဖုန်ဂန်ရာဇီ ရေခဲတောင်ကို အောင်နိုင်ရေးအတွက် အဖွဲ့ဝင်များ ခြေလျင်ချီတက် ခဲ့ကြသည့် ခရီးမိုင် စုစုပေါင်းကား ၈၆ မိုင် ရှိခဲ့သည်။ အခြားဒေသန္တရခရီးစဉ်များအပါအဝင် အဖွဲ့ဝင်တို့၏ခရီးစဉ်ကား ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၉ ရက်အထိ စုစုပေါင်း ၁၄ ရက်မျှ ကြာမြင့်ခဲ့ကြသည်။

ခရီးပြင်းနှင်

ဖုန်ဂန်ရာဇီ ရေခဲတောင်ကို အောင်နိုင်ခဲ့ကြသောILBC ခြေလျင်နှင့် တောင်တက်အသင်းအဖွဲ့ဝင်တို့ကား ပြည်မြန်မာ၏ တောင်စဉ်တောင်တန်းများကို ဆက်လက်ချီတက် ခရီးပြင်းနှင်၍ တက်ရောက်ကြဦးမည်ဟု သိရသည်။

မှန်ပေသည်၊ မျိုးဆက်သစ်လူငယ် လူရွယ်တို့သည် မိမိနိုင်ငံ၏ ပထဝီဝင်ကို သင်ကြားရုံမျှမဟုတ်၊ ရေသစ် မြေသစ် တောတောင်သစ်များကို လေ့လာစူးစမ်းရှာဖွေနိုင်စွမ်းရှိရပေမည်။ မိမိတို့နိုင်ငံ၏ ရေမြေ တောတောင်သဘာဝနှင့်မိမိတို့လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို မျက်မြင်လေ့လာ သိရှိပါမှ မိမိနိုင်ငံနှင့် မိမိလူမျိုးအပေါ် ပိုမို ချစ်ခင်လာကြပေလိမ့်မည်ဟု ဆိုလိုက်ချင်ပါသည်။ ။

(မြန်မာ့အလင်း)

ဖုန်ဂန်ရာဇီ ရေခဲတောင်သို့ တက်သည့်လမ်းတစ်လျှောက် စမ်းချောင်းတစ်ခုကိုဤသို့ ဖြတ်ကျော်ခဲ့ကြရသည်။

ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဇန်နဝါရီ ၂၀

ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁)နှင့်(၂)အကြားမှ သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ တံတားအထက်ဘက် ရေလမ်းကြောင်းပြောင်းလဲမှု အခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၆ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့်(၃)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁)နှင့်(၂)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်ထားသည်။

ကင်းလွတ်

ပြောင်းလဲထားသည့် အစုန်ရေလမ်းကြောင်းဖြစ်သော ရေလယ်တိုင်အမှတ်(၂) နှင့်(၃)၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ရှိပြီး၊ အဆန်ရေလမ်းကြောင်းဖြစ်သော ရေလယ်တိုင်အမှတ်(၁)နှင့် (၂)၏ ကင်းလွတ်အကျယ်မှာ ၈၅မီတာရှိသည်။

အမှတ်အသား

ပြောင်းလဲထားသည့် ရေလမ်းကြောင်းများ၏ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇မီတာ ရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့မြင်အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားသည်။

သတိပေး

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ၂၀ခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွန်းရေယာဉ်များတစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

သတင်းအဖွဲ့သည်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စီစဉ်ပေးမှုဖြင့် ယင်းတက္ကသိုလ်ကြီးသို့ သွားရောက် လေ့လာခဲ့ရာ လမ်းတစ်လျှောက် စိမ်းလန်းသာယာသော လယ်ကွင်းပြင်များ၊ တောင်တန်းကြီးများကို သာမောဖွယ်တွေ့ရသည်။

နည်းပညာတက္ကသိုလ်(ထားဝယ်)သို့ ရောက်ရှိသည်ဆိုလျှင်ပင် အလွန်လှပခံ့ညားပြီး ခေတ်မီသည့် သုံးထပ်ကျောင်း အဆောက်အအုံကြီးကို တွေ့ရသည်။



“နိုင်ငံတော်က ဖွံ့ဖြိုးရေးဇုန်များ သတ်မှတ်ပြီး ယခုလို နည်းပညာတက္ကသိုလ်ကြီး ဖွင့်လှစ်ပေးလိုက်တာ ဖြစ်ပါတယ်”

ဒေါက်တာထွန်းနိုင်ထွေး
ကျောင်းအုပ်ဆရာကြီး
နည်းပညာတက္ကသိုလ်(ထားဝယ်)

ဖွံ့ဖြိုးရေး

“ကျွန်တော်တို့ ဒီနည်းပညာတက္ကသိုလ်ကြီးကို ၂၀၀၅ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ထားဝယ်မှာ အရင်တုန်းက နည်းပညာကောလိပ်သာ ရှိပါတယ်။ ဒေသတွင်းမှာရှိတဲ့ လူငယ်လူရွယ် တွေ အင်ဂျင်နီယာ အတတ်ပညာများ ပိုမိုသင်ယူနိုင်တဲ့ အခွင့်အလမ်း ရရှိစေဖို့ နိုင်ငံတော်က ဖွံ့ဖြိုးရေးဇုန် ၂၄ခုသတ်မှတ်ပြီး ယခုလို နည်းပညာတက္ကသိုလ်ကြီးတွေ ဖွင့်လှစ်ပေးနေခြင်းဖြစ်ပါတယ်။ ဒီလို ဖွံ့ဖြိုးရေးဇုန်တွေမှာ နည်းပညာတက္ကသိုလ် အပြင် ကွန်ပျူတာတက္ကသိုလ်နဲ့ ပညာရေးတက္ကသိုလ်တွေလည်း ဖွင့်လှစ်ထားရှိတာကြောင့် ဒေသတွင်းမှာရှိတဲ့ လူငယ်တွေအတွက်တော့ ခေတ်မီပညာရေး သင်ယူတဲ့ အခွင့်အလမ်းများကတော့ တစ်ပုံတစ်ပင်ပါပဲ”ဟု နည်းပညာ တက္ကသိုလ်(ထားဝယ်)မှ ကျောင်းအုပ်ကြီး ဒေါက်တာထွန်းနိုင်ထွေးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဘွဲ့နှင့်ဒီပလိုမာ

အဆိုပါ နည်းပညာတက္ကသိုလ်(ထားဝယ်)က အပ်နှင်းလျက်ရှိသည့် ဘွဲ့နှင့် ဒီပလိုမာများမှာ B.E (အင်ဂျင်နီယာဘွဲ့)၊ B.Tech (အင်ဂျင်နီယာ နည်းပညာဘွဲ့)၊ A.G.T.I(ဒီပလိုမာ) တို့ ဖြစ်သည်။

A.G.T.I(ဒီပလိုမာ)သင်တန်း၏ ပညာသင်နှစ်မှာ ပထမနှစ်နှင့် ဒုတိယနှစ်ဖြစ်ပြီး နှစ်နှစ်သင်တန်းဖြစ်သည်။ ယင်းA.G.T.I သင်တန်းတွင် ဂုဏ်ထူးတန်းဝင်ပါက B.Tech (အင်ဂျင်နီယာ) နည်းပညာဘွဲ့ နှစ်နှစ်သင်တန်းသို့ တက်ရောက်ဘွဲ့ယူနိုင်သည်။ ယင်း B.Tech (အင်ဂျင်နီယာ) နည်းပညာသင်တန်းတွင်လည်း ဂုဏ်ထူးတန်းဝင်ပါက B.E (အင်ဂျင်နီယာဘွဲ့) တစ်နှစ်သင်တန်းကို တက်ရောက် ဘွဲ့ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနည်းပညာ တက္ကသိုလ်ကြီးတွင် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁ရက်မှ စပြီး ကျောင်းသားများ လက်ခံကာ ဒီဇင်ဘာ၁၅ရက်မှစ၍ပညာသင်ကြားနှစ်ကို စတင်ဖွင့်လှစ်သင်ကြားနေပြီဖြစ်ပေသည်။

အခွင့်အလမ်း

သို့ဖြစ်ရာ နည်းပညာတက္ကသိုလ်(ထားဝယ်)ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဒေသတွင်းရှိ လူငယ်လူရွယ်များ အင်ဂျင်နီယာအတတ်ပညာများ သင်ယူနိုင်မည့် အခွင့်အလမ်း ပိုမိုရရှိလာခဲ့ပြီဖြစ်ပါကြောင်းရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးခွမြို့နယ်၌ စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တောင်ပိုင်းခရိုင်သုံးခွမြို့နယ် မှိုကုန်းသားကျေးရွာ ထွန်းတောက်ကြယ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကိုဇန်နဝါရီ၁၃ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေးအေးနွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။**(အောက်ဝဲပုံ)**

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေက စာကြည့်တိုက် တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များ ဆွေးနွေးပြီး လှူဒါန်းပွဲကျင်းပရာ သုံးခွမြို့ (၄)ရပ်ကွက်မှ (ဦးအောင်ဖေ-ဒေါ်ရီရီ) မိသားစုက ကျပ်တစ်သောင်းနှင့် စာအုပ်မျိုးစုံ ၃၀၀၊ စာကြည့်တိုက် ကော်မတီဝင်များက ကျပ်ကိုးသောင်း၊ သုံးခွမြို့ (၃) ရပ်ကွက်မှ ဦးတင်ဝင်း-ဒေါ်အေးအေး မော်မိသားစုတို့က ၆၁ အုပ်၊ သန်လျင်မြို့မှ ဦးမောင်မောင်တာက၂၅အုပ်၊ ရန်ကုန်မြို့မှ ဦးစိုးဝင်းက အုပ်ရေ ၅၀၊ မှိုကုန်းသား ကျေးရွာမှ (ဦးစိန်ကုလား)-ဒေါ်သိန်းမြင့် မိသားစုတို့က အုပ်ရေ ၁၅၀၊ ဦးတင်မောင်လွင်-ဒေါ်ခင်ဆွေ မိသားစုက အုပ်ရေ ၅၀၊ ဦးလှမြင့်-ဒေါ်ကြည်ကြည်စိန် (မှူးအုပ်-ငြိမ်း) မိသားစုတို့က အုပ်ရေ ၅၀ လှူဒါန်းကြသည်။

(မြို့နယ်/ ပြန်ဆက်)

ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ ဒေါဆော်ဘီးကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အလှူရှင်တို့က ငွေကျပ် ၁၂သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက်ဝန်ကြီးသည် ပြည်နယ်တိုင်းရင်းဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ယင်းနောက်ဝန်ကြီးသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး အတတ်သင်တန်းကျောင်း ရှင်းလင်းဆောင်၌ ကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ဆန်အိတ်များ လှူဒါန်းသည်။

လှည့်လည်ကြည့်ရှု

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဒီမော့ဆိုမြို့နယ် ဒေါစလိုက်လင်းကျေးရွာ မေတ္တာမွန် မူလတန်းကြိုကျောင်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ကျောင်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကုန်းသာကျေးရွာ စာကြည့်တိုက်၌ ကျင်းပသည့် သဘာဝစွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုးသရုပ်ပြရှင်းလင်းပွဲသို့ တက်ရောက်အားပေးရာ(**အပေါ်ပုံ**) TAS ကုမ္ပဏီ ဒါရိုက်တာက ရှင်းလင်းပြောကြားသည်။

အဆိုပါ ဓာတ်ပေါင်းအိုးကို အကျယ် ၁၀ပေပတ်လည် မြေနေရာ၌ ထားရှိ အသုံးပြု၍ နွားတစ်ကောင်၏ စွန့်ပစ်ပစ္စည်းမှ မိသားစု ငါးဦးခန့် နေ့စဉ် နေ့ညချက်ပြုတ်နိုင်ပြီး ညအခါ မီးသီး သုံးလုံးကို လေးနာရီခန့် အသုံးပြုနိုင်သည်။ အဆိုပါတိရစ္ဆာန် စွန့်ပစ်ပစ္စည်းမှ Bio gas ဖြင့် ကျေးလက်မီးလင်းရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

* *ကျောဖုံးမှ*

မြန်မာသံရုံးမှ မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနကို အကြောင်းကြားခဲ့သည်။ ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ အကြောင်းကြားခဲ့သဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ယှဉ်ပြိုင်ရမည့် ရုပ်ရှင်ဇာတ်ကားမှာလည်း အင်္ဂလိပ်စာတန်းထိုး ရုပ်ရှင်ဇာတ်ကားသာ ဖြစ်ရမည်ဖြစ်သဖြင့် ဒါရိုက်တာကြည်စိုးထွန်း ရိုက်ကူးသည့် **"သူ့ကျွန်မခံပြီ"**နှင့် **"ချစ်ခြင်းငယ်ပြိုင်"** အင်္ဂလိပ်စာတန်းထိုး ရုပ်ရှင်ဇာတ်ကား နှစ်ကားတို့ကို ဒီဗွီဒီနှစ်ချပ်ဖြင့် ပေးပို့ပြိုင်ပွဲဝင်ခဲ့ခြင်း ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်

(၆)ကြိမ်မြောက် ဘာလီ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ ပါဝင်ဆင်နွှဲပြိုင်ပွဲဝင်ကြသည့် နိုင်ငံပေါင်း ၂၀မှာ အီဂျစ်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ အီရန်၊ ဆလိုဗက်ကီးယား၊ ဗင်နီဇွဲလား၊ ဘင်္ဂလားဒေ့ရှ်၊ ချီလီနှင့် ဟန်ဂေရီ စသည့် နိုင်ငံများမှ ရုပ်ရှင်ဇာတ်ကားများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပထမဆု

ထိုသို့ ဝင်ရောက်ယှဉ်ပြိုင်သည့် ရုပ်ရှင်ဇာတ်ကားများအနက်မှ မြန်မာရုပ်ရှင်ဇာတ်ကားဖြစ်သည့် **"သူ့ကျွန်မခံပြီ"** ရုပ်ရှင်ဇာတ်ကားမှာ **"Sarasvati Award For 2nd Special Jury Prize"**ဒုတိယအထူးဆုကို ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်သည်။ ပထမဆုကို ဟန်ဂေရီနိုင်ငံမှ ရုပ်ရှင်ဇာတ်ကားဖြစ်သည့် **"A Guest of The Life"** က ဆွတ်ခူးရရှိခဲ့သည်။

တစ်ဖန် တတိယဆုကို ချီလီနိုင်ငံမှ **"Radio Corqzon"** ရုပ်ရှင်ဇာတ်ကားကလည်းကောင်း၊ စတုတ္ထဆုကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ**"AHA"** ရုပ်ရှင်က လည်းကောင်း၊ ပဉ္စမဆုကို မလေးရှားနိုင်ငံမှ **"The Melakan Portuguese Preserving Their Heritage"** ရုပ်ရှင်ဇာတ်ကားက ဆွတ်ခူးရရှိခဲ့သည်။

စာတန်းထိုး

ယခုရရှိခဲ့သည့် ဒုတိယဆုကို ဒါရိုက်တာကြည်စိုးထွန်း ခရီးလွန်နေသဖြင့် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးက လက်ခံရယူပေးခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်များ၌ ပထမဆုံး အင်္ဂလိပ်စာတန်းထိုး ရုပ်ရှင်ဇာတ်ကားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

သွားရောက်ပြသခဲ့

"သူ့ကျွန်မခံပြီ" ရုပ်ရှင်ဇာတ်ကားမှာ မြန်မာတို့၏ ထီးနန်းဂုဏ်ရှိန် မြင့်မားခဲ့ညားခဲ့မှု၊ မြန်မာ့ယဉ်ကျေးမှုကို ဖော်ထုတ်ပြသနိုင်မှု၊ မြန်မာ့ရုပ်ရှင် ရိုက်ကူးမှုအတတ်ပညာနှင့်သရုပ်ဆောင်တို့၏ သရုပ်ဆောင် အတတ်ပညာ ထူးချွန်ပြောင်မြောက်စွာ ပြသနိုင်မှုတို့အပြင် အင်္ဂလိပ်စာတန်းထိုး ဇာတ်ကားဖြစ်သဖြင့် (၆)ကြိမ်မြောက် ဘာလီ နိုင်ငံတကာပွဲတော်သို့ သွားရောက်ပြသခဲ့ခြင်း ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သော (၆)ကြိမ်မြောက် ဘာလီ ရုပ်ရှင်ပွဲတွင် ရရှိခဲ့သည့် ဆုရုပ်တုနှင့် ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်း။ (မြန်မာ့အလင်း)

အာဆီယံဒေသအတွင်းရှိ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ တရားမဝင် လွှဲပြောင်းခြင်းနှင့် တရားမဝင်ကူးသန်းရောင်းဝယ်ခြင်း ကာကွယ်တားဆီးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၀

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် အာဆီယံဒေသအတွင်းရှိ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများ တရားမဝင်လွှဲပြောင်းခြင်းနှင့် တရားမဝင်ကူးသန်းရောင်းဝယ်ခြင်း ကာကွယ်တားဆီးရေး အလုပ်ရုံဆွေးနွေးပွဲ (Workshop on Prevention of Illicit Transfer and Illegal Trafficking of Cultural Properties in ASEAN Region) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ရက် နံနက် ၉နာရီခွဲက မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံနန်းမြင့်မျှော်စင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အာဆီယံ ယဉ်ကျေးမှုနှင့်ပြန်ကြားရေးအမျိုးသားကော်မတီဥက္ကဋ္ဌ မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါက်တာခင်မောင်ညွှန့်၊ အာဆီယံ ယဉ်ကျေးမှု ဆပ်ကော်မတီ ဥက္ကဋ္ဌ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘမောင်၊ ရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဥပဒေပညာဌာနနှင့် အာဆီယံရေးရာ ဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ သုတေသီများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

မှတ်တမ်းတင်

ဖွင့်ပွဲအခမ်းအနား၌ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီ ဥက္ကဋ္ဌ မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါက်တာခင်မောင်ညွှန့်က အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို နံနက် ၁၀နာရီတွင် စတင်ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီဥက္ကဋ္ဌ မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါက်တာခင်မောင်ညွှန့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနမှ ရဲမှူးကြီး စစ်အေးနှင့် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ အငြိမ်းစား ပါမောက္ခ ဒေါက်တာ ဒေါ်သန်းနွဲ့တို့က တွဲဖက်သဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

ရှင်းလင်းတင်ပြ

စာတမ်းဖတ်ပွဲ ပထမနေ့တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ Abd Lam Hln Haji Abu Baken၊ ကမ္ဘောဒီးယားနိုင်ငံမှ Mr. Prak Sonnarai၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ Mr. Syarif Rahman နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ Mr. Phouvong တို့က စာတမ်းများကို ဖတ်ကြား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည် ဖြေကြားကြသည်။

တည်ခင်းဧည့်ခံ

ယင်းနောက်သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ ပထမနေ့ စာတမ်းဖတ်ပွဲကို ညနေပိုင်းတွင်ရပ်နားလိုက်သည်။ ညပိုင်းတွင် မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ညွှန့်က တက်ရောက်လာကြသည့် အာဆီယံ ကိုယ်စားလှယ်များအား ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လိုက်ဈေး၌ အိုင်အိုဒင်းဆား ရောင်းချမှုစစ်ဆေး

မော်လိုက် ဇန်နဝါရီ ၂၀

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အိုင်အိုဒင်းဆားများရောင်းချခြင်းရှိ၊ မရှိကို ဆိုင်ခန်း၂၀တို့အား ဒီဇင်ဘာ၂၆ရက်က ဈေးတာဝန်ခံ ဦးရဲဇော်ရှိန်၊ ဦးမျိုးထွန်းတို့နှင့် မြို့နယ် ကျန်းမာရေးမှူး(၁) ဦးကယ်ထန်း၊ ဒေါ်ယဉ်ယဉ်တို့ စစ်ဆေးနေမှုကို အမှုဆောင်အရာရှိ ဦးဟန်မင်းဆွေနှင့် ဈေးမိဈေးဖ ဥက္ကဋ္ဌ ဦးအောင်မြင့်ဝင်းနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

○ *ကျောဖုံးမှ*

ဂြိုဟ်တုတည်ဆောက်ရာတွင် နည်းပညာများကို ဂျပန် သုတေသနပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံ ဂြိုဟ်တုနည်းပညာသစ်များဖြင့် ကမ္ဘာမြေအတွင်းပိုင်းရှိ ဖြစ်ပျက်ပြောင်းလဲနေမှုများကို အတိအကျသိရှိနိုင်စေမည်ဖြစ်ကြောင်း အီဂျစ် သုတေသနပညာရှင်အဖွဲ့က ပြောကြားသည်။

ကမ္ဘာမြေအတွင်းပိုင်းကို ရိုက်ယူကာ သတင်းအချက်အလက်ထုတ်ပြန်ပေးနိုင်မည့် ဂြိုဟ်တုတည်ဆောက်ရေးဆိုင်ရာ အထူးဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီလအတွင်း ကျင်းပရန် စီစဉ်ထားသည်။

ထူးခြားဖြစ်စဉ်

အီဂျစ် သုတေသနပညာရှင်များအနေဖြင့် ကမ္ဘာမြေအတွင်းပိုင်းရှိ ငလျင်ကြောများ၊ ပြတ်ရွေ့များ၊ မြေအောက်ရေလွှာများ၏ အနေအထားများကိုလည်း သိရှိနိုင်ရေး နည်းပညာများ ထည့်သွင်းအသုံးပြုသွားမည်ဖြစ်သလို မြေလွှာများ၊ ပြတ်ရွေ့ကြီးများ၏ ထူးခြားဖြစ်စဉ်များကို ကြိုတင်သိရှိနိုင်အောင်လည်း နည်းပညာပါရှိမည် ဖြစ်သည်။

ထုတ်ပေး

သို့သော်လည်း ဂြိုဟ်တုက ရိုက်ယူထုတ်ပြန်သော သတင်းဓာတ်ပုံမှတ်တမ်းများကို သက်ဆိုင်ရာပညာရှင်များက လေ့လာသုံးသပ်နိုင်ရန်သာ တင်ပြပေးသွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ကမ္ဘာမြေထုအတွင်းပိုင်းရှိ သဘာဝဘူမိအနေအထားနှင့် အပူချိန်မြင့်တက်လျှင်၊ အပူအအေး ညီမျှမှုမရှိလျှင် ဖြစ်ပေါ်လာသည့် ဘူမိရုပ်သွင်ကိုလည်း ၂၄နာရီကာလပတ်လုံး သတင်းအချက်နှင့် ဓာတ်ပုံများ ရယူထုတ်ပေးနိုင်မည် ဖြစ်သည်။

ဂျပန်နှင့် အီဂျစ် သုတေသနပညာရှင်များအနေဖြင့် အာကာသအတွင်း လွှတ်တင်ထားသော ဂြိုဟ်တုနည်းပညာများကို အခြေခံပြီး ကမ္ဘာ့မြေထုအတွင်း ဖြစ်ပျက်မှုများကို သိရှိနိုင်မည့် ဂြိုဟ်တုကို မကြာမီကာလအတွင်း အကောင်အထည်ဖော်နိုင်တော့မည် ဖြစ်သည်။ ။

အရှေ့တောင်အာရှနိုင်ငံအချို့၏ ရာသီဥတု အခြေအနေ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၂၀

အရှေ့တောင်အာရှနိုင်ငံအချို့တွင် ဇန်နဝါရီ ၂၀ ရက်က ဖြစ်ပေါ်ခဲ့သော မိုးလေဝသ အခြေအနေနှင့် နောက်နှစ်ရက်အတွက် ရာသီဥတုအနေအထားများကို အင်တာနက်မှရယူကာ စုစည်းဖော်ပြလိုက်ပါသည်-

ဖိလစ်ပိုင်

ဖိလစ်ပိုင်တစ်နိုင်ငံလုံးတွင် ဇန်နဝါရီ ၂၀ရက်က ပျမ်းမျှအပူချိန် ၂၉ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ နေရာဒေသအများအပြားတွင် တိမ်များဖြစ်ထွန်းခဲ့ပြီး အရှေ့ဘက်မှ လေအေးများ တိုက်ခတ်ခဲ့သည်။ သို့သော် အရှေ့တောင်ပိုင်းဒေသအချို့တွင် မိုးအနည်းငယ်ရွာသွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ဖိလစ်ပိုင် တစ်နိုင်ငံလုံးတွင် နေ့အပူချိန်များ မြင့်တက်လာမည်ဖြစ်သည်။ ညပိုင်းတွင်လည်း အအေးလျော့လာမည်ဖြစ်ပြီး မနီလာမြို့၌ ညအပူချိန် ၂၈ဒီဂရီစင်တီဂရိတ်ခန့်ရှိမည် ဖြစ်သည်။ ဖိလစ်ပိုင်ကမ်းလွန်၌ ရာသီဥတု ပုံမှန်အနေအထားသာ ရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဘရူနိုင်း

ဘရူနိုင်းနိုင်ငံ တစ်နိုင်ငံလုံးတွင် ဇန်နဝါရီ၂၀ရက်က ပျမ်းမျှအပူချိန် ၂၇ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ အနောက်မြောက်ဘက်မှ လေအေးများ တစ်နာရီ ခြောက်မိုင်နှုန်းတိုက်ခတ်ခဲ့ပြီး နေရာဒေသအများအပြား၌ တိမ်ဖြစ်ထွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ဘရူနိုင်းနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ဒေသများ၌ တိမ်ဖြစ်ထွန်းကာ နေသာမည်။ တစ်နိုင်ငံလုံး ပျမ်းမျှအပူချိန်မှာ နေ့အချိန်၌ ၂၈ဒီဂရီစင်တီဂရိတ်ရှိပြီး ညအပူချိန်မှာ ၂၄ဒီဂရီစင်တီဂရိတ်ရှိနိုင်ကြောင်း ဖော်ပြထားသည်။

အင်ဒိုနီးရှား

အင်ဒိုနီးရှား တစ်နိုင်ငံလုံးတွင် ဇန်နဝါရီ ၂၀ရက်က ပျမ်းမျှအပူချိန် ၂၉ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ တိမ်များဖြစ်ထွန်းခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်းဒေသအချို့၌ မိုးအနည်းငယ်ရွာသွန်းခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ နေ့နှင့် ညအပူချိန်များ အနည်းငယ်ကျဆင်းမည်ဖြစ်သည်။ အရှေ့တောင်ပိုင်းဒေသအချို့တွင် တိမ်ဖြစ်ထွန်းပြီး မိုးအနည်းငယ်ရွာသွန်းမည် ဖြစ်သည်။ အင်ဒိုနီးရှားကမ်းလွန်၌ တစ်နာရီ မိုင်၄၀ နှုန်း လေပြင်းများ တိုက်ခတ်နိုင်ပြီး လှိုင်းကြီးမည်။ မြို့တော်ဂျကာတာ၌ ညအချိန် အနည်းငယ်အအေးပိုမည်ဖြစ်သည်။

စင်ကာပူ

စင်ကာပူတစ်နိုင်ငံလုံးတွင် ဇန်နဝါရီ ၂၀ရက်က အရှေ့မြောက်ဘက်မှ လေအေးများ တစ်နာရီ ၁၃မိုင်နှုန်း တိုက်ခတ်ခဲ့သည်။ တစ်နိုင်ငံလုံး ပျမ်းမျှအပူချိန်မှာ ၃၀ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး တိမ်ထူထပ်ခဲ့သော်လည်း သာသာယာယာရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ညအပူချိန်များ အနည်းငယ်ကျဆင်းပြီး အရှေ့မြောက်ဘက်မှ လေများ တစ်နာရီလျှင် ကိုးမိုင်နှုန်းတိုက်ခတ်မည် ဖြစ်သည်။ ဇန်နဝါရီ ၂၂ရက်တွင် တစ်နိုင်ငံလုံး သာသာယာယာ ရှိမည်ဟု ဖော်ပြထားသည်။

ဗီယက်နမ်

ဗီယက်နမ် တစ်နိုင်ငံလုံးတွင် ဇန်နဝါရီ ၂၀ရက်က ပျမ်းမျှအပူချိန် ၂၃ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ မြို့တော်ဟနွိုင်းတွင် နေ့အပူချိန် ၂၂ဒီဂရီရှိခဲ့ပြီး ညအပူချိန် ၂၀ဒီဂရီအထိ ကျဆင်းနိုင်မည်ဖြစ်သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ နိုင်ငံဒေသအချို့တွင် နေ့နှင့် ညအပူချိန်များ ကျဆင်းမည်ဖြစ်ပြီး အချို့ဒေသများ၌ မိုးအနည်းငယ်ရွာနိုင်ကြောင်း၊ အရှေ့တောင်ဘက်မှ လေအေးများတိုက်ခတ်နိုင်ဖွယ်ရှိကြောင်း ခန့်မှန်းသည်။ နိုင်ငံ၏ မြောက်ပိုင်းဒေသများတွင် ဆီးနှင်းများကျဆင်းနိုင်ကြောင်း ဖော်ပြထားသည်။

ထိုင်း

ထိုင်းနိုင်ငံတွင် ဇန်နဝါရီ၂၀ရက်က ပျမ်းမျှအပူချိန် ၂၀ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ ဗန်ကောက်မြို့၌ ညအပူချိန် ၁၅ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး အချို့ဒေသများ၌ ဆီးနှင်းများ ကျဆင်းခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ထိုင်းကမ်းခြေဒေသများ၌ မိုးရွာသွန်းနိုင်ပြီး အရှေ့မြောက်အရပ်မှ တစ်နာရီ မိုင်၂၀နှုန်း လေအေးများ တိုက်ခတ်နိုင်သည်။ သို့သော် ညအပူချိန်များ အနည်းငယ်ပြန်မြင့်တက်လာနိုင်ကြောင်း၊ ဗန်ကောက်မြို့၌ ညအချိန် အအေးပိုလာဖွယ်ရှိကြောင်း ဖော်ပြထားသည်။ ။

ကိုးကား-အင်တာနက်

အထက(၃) သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၀

အထက(၃) သဃ်န်းကျွန်း ၁၉၆၉ မှ ၁၉၈၇/၁၉၈၈ ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဋ္ဌမအကြိမ် အသက်(၆၀)ပြည့်နှင့်အထက် (အငြိမ်းစား) ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ၂၈ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း မြညီလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲအတွက် ပထမအကြိမ် လှူဒါန်းငွေပေးအပ်ပွဲကို ဇန်နဝါရီ၂၄ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် အဆိုပါ ကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ၁၉၆၉မှ ၁၉၈၇/ ၁၉၈၈ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်လှူဒါန်းကြပါရန် ကော်မတီအဖွဲ့က နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အပတ်စဉ် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ငွေလှူဒါန်းပွဲနှင့် ညှိနှိုင်းအစည်းအဝေးပွဲသို့ တက်ရောက်အကြံပြုနိုင်ရန်အတွက် ဦးမြင့်စိုးဝင်း (နာယက) ဖုန်း-၅၈၁၁၆၃၊ ဦးစန်းထွန်း(နာယက) ဖုန်း-၅၆၁၆၉၇၊ ဦးခင်မောင်ဌေး (ဥက္ကဋ္ဌ) ဖုန်း-၅၇၀၄၃၆၊ ၅၆၀၇၀၇၊ ၀၉-၅၀-၆၅၁၀၉၊ ဦးမောင်မောင်မြင့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁-၄၈၅၄၄၊ ဦးသန်းထွန်း (ဒုတိယ ဥက္ကဋ္ဌ) ဖုန်း-၅၇၂၀၀၂၊ ဦးတင်ရွှေ (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀-၀၄၃၉၀၊ ဦးမြင့်ခိုင် (အတွင်းရေးမှူး) ဖုန်း-၀၉-၅၀-၆၃၁၉၅၊ ၀၉-၅၀-၉၃၁၉၅၊ ဦးမြင့်အောင် ဖုန်း-၅၇၀၅၇၇၊ ၅၇၇၅၇၈၊ ဦးကျော်ကျော် (အတွင်းရေးမှူး-၃) ဖုန်း-၀၉-၅၁-၂၄၄၆၈၊ ဦးတင်လှ (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁-၀၄၂၁၂၊ ၀၉-၅၀-၈၇၇၈၆၊ ဦးအေးလွင် (ဘဏ္ဍာရေးမှူး-၁) ဖုန်း-၀၉-၅၁-၆၁၈၈၃၊ ဒေါ်ခင်ခင်မြ (အဖွဲ့ဝင်) ဖုန်း-၅၆၁၃၅၈နှင့် ဦးခင်မောင်ညွန့် (အဖွဲ့ဝင်) ဖုန်း-၅၆၁၀၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

ဇန်နဝါရီ ၁၇ရက်က ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် တက္ကသိုလ်ဝင်တန်းလေးဘာသာဂုဏ်ထူးရှင် မဝါဝါဝင်းဟန်အား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့်က ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ချင်းပြည်နယ် ဟားခါးတွင် အအေးပိုဆဲ ကချင်ပြည်နယ်၌ နေရာကွက်ကျားမိုးရွာဖွယ်

ရန်ကုန် ဇန်နဝါရီ ၂၀

ဇန်နဝါရီ ၁၉ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုအခြေအနေကိုဖော်ပြရပါက တရုတ်နိုင်ငံတစ်ဝန်းပျမ်းမျှအပူချိန် ၁၀ဒီဂရီစင်တီဂရိတ်၊ တောင်ကိုရီးယားနိုင်ငံတွင် တစ်နိုင်ငံလုံးအအေးပိုခဲ့ပြီး ဆီးနှင်းများအဆက်မပြတ်ကျပြီး ဂျပန်နိုင်ငံ၌ တစ်နိုင်ငံလုံး ပျမ်းမျှအပူချိန် ၁၆ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။

ဇန်နဝါရီ ၂၀ရက်က ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ၏ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂) ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်၌ ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

ဇန်နဝါရီ ၂၁ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး ရွာရန်ရာနှုန်း၆၀ဖြစ်သည်။ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဇန်နဝါရီ ၂၁ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်။

လီဗာပူး သရေပွဲ နောက်ဝယ်....

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဟန်စိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဇန်နဝါရီ ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၂၂)မှာ လီဗာပူးတို့ အိမ်ကွင်းမှာ အဲဗာတန်နဲ့ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တာမို့ တန်းစီဇယားထိပ်ဆုံးနေရာကို မန်ယူထံက ပြန်ရယူဖို့အိပ်မက်ပျက်ပြယ်သွားခဲ့ပါတယ်။ ဒါ့အပြင် ဒီပွဲသရေဖြစ်ခဲ့တာဟာ လီဗာပူးတို့ရဲ့ ပရီမီယာလိဂ်မျှော်မှန်းချက်ကို ယိမ်းယိုင်သွားစေခဲ့တာတော့ အမှန်ပါပဲ။

လွှမ်းမိုး

ဒီပွဲအပြီးမှာ မန်ယူနဲ့ တစ်ပွဲလျော့ အမှတ်တူနေပေမယ့် ဂိုးကွာခြားချက်နဲ့ မန်ယူတို့ကို ထိပ်ဆုံးနေရာက မဖယ်ရှားနိုင်ခဲ့တာမို့ ဘင်နီတက်ဇ်အနေနဲ့ စိတ်ထဲကသိကအောင့်တော့ ဖြစ်နေခဲ့တယ်လို့ ဆိုပါတယ်။ လီဗာပူးအသင်းဟာ ဒီနှစ်မှာ ပရီမီယာလိဂ်ဖလား ရယူရေးအတွက် အခြေအနေကောင်းတွေနဲ့ ကြုံတွေ့ပေမယ့် ဒဏ်ရာရဘောလုံးသမားတွေ ရှိနေတာ ထိုးနှက်ချက်တစ်ရပ်ဖြစ်ကြောင်း၊ ဒီပွဲရလဒ်ဟာ ပရီမီယာလိဂ်ဖလား မျှော်မှန်းချက် ထိခိုက်ပေမယ့် ဆိုးရွားမှုမဖြစ်စေခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

ဒီပွဲမှာ သရေပွဲဖြစ်ခဲ့ပြီးနောက် ဘင်နီတက်ဇ်ရဲ့ အသင်းပေါ်ကိုင်တွယ်မှုဟာ ပြောင်းလဲမှုတွေရှိလာပြီလားလို့ အသင်းပိုင်ရှင်တွေဖြစ်တဲ့ ဂျော့ဂီးလက်တို့က မေးခွန်းတွေ ထုတ်လာခဲ့ပြီ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လီဗာပူးအသင်းပိုင်ရှင်တွေက ဘင်နီတက်ဇ်ကို သက်တမ်းတိုးဖို့ ကမ်းလှမ်းမှုအပေါ် ဘင်နီတက်ဇ်က ငြင်းပယ်ခဲ့ပြီး သူဟာ စာချုပ်သက်တမ်းကုန်တဲ့ ၂၀၁၀ပြည့်နှစ်မှာ အသင်းက ပြောင်းရွှေ့မယ်လို့ ဆိုခဲ့ပါတယ်။

စီစဉ်နေ

ဒါကလည်း အသင်းမှာ ဆက်ဆံရေးအခြေအနေတွေကို ကြည့်ပြီး သုံးသပ်ထားတာဖြစ်တာမို့ ရလဒ်အခြေအနေတွေ ဆိုးရွားနေခဲ့မယ်ဆိုရင်တော့ အသင်းကအမြန်ဆုံးထွက်ခွာဖို့ စီစဉ်နေတယ်လို့ သတင်းတွေ ထွက်ပေါ်လာပါတယ်။ ဘင်နီတက်ဇ်ကတော့ ဒီသတင်းအပေါ် ငြင်းဆိုလိုက်ပြီး မိမိအနေနဲ့ စာချုပ်သက်တမ်းကုန်ဆုံးတဲ့အထိ တာဝန်ထမ်းဆောင်မယ်လို့ အလေးအနက် ပြောကြားနေပါတယ်။

ဆူဝေ

ဘင်နီတက်ဇ်ဟာ စာချုပ်သက်တမ်း မကုန်ခင် အသင်းက ရုတ်တရက်ထွက်သွားမှာကို စိုးရိမ်နေတဲ့ လီဗာပူးပိုင်ရှင်တွေကတော့ အခုကတည်းက နည်းပြသစ်ကို ရှာဖွေနေပြီ ဖြစ်ပါတယ်။ လီဗာပူးအနေနဲ့ ၁၉၉၀ ပြည့်နှစ်ကတည်းက ပရီမီယာလိဂ်ဖလားနဲ့ ဝေးကွာခဲ့ရတာမို့ ဒီနှစ်မှာ ဖလားရယူရေး စိတ်ဓာတ်တွေဆူဝေနေတာတော့ အမှန်ပါပဲ။

လီဗာပူးအသင်း သရေပွဲတွေများလာတာဟာ လိုအပ်တဲ့ ကစားသမားတွေကို ဝယ်ယူဖြည့်ဆည်းခြင်း မလုပ်နိုင်ခဲ့တာလို့ ဘင်နီတက်ဇ်ကဆိုနေပါတယ်။ လိုအပ်တဲ့ ဘောလုံးသမား ဖြည့်ဆည်းမှုမပြုလုပ်ရင်

"သရေပွဲရလဒ်ဟာ ပရီမီယာလိဂ်ဖလား ရယူရေးအတွက် ဆိုးရွားတဲ့ ထိခိုက်မှု မဟုတ်ပါဘူး"
လီဗာပူးနည်းပြ ဘင်နီတက်ဇ်
(အင်တာနက်)



အောင်မြင်မှု မရရှိနိုင်ဘူးလို့လည်း နည်းပြဘင်နီတက်ဇ်ကပြောနေတာမို့ဘင်နီတက်ဇ်နဲ့ အသင်းပိုင်ရှင်တွေကြားမှာ ဆက်ဆံရေး အက်ကြောင်းတွေ ထင်နေပြီဖြစ်ပါတယ်။

နည်းပြတစ်ဦးဟာ အသင်းမှာ ဆက်ဆံရေးထိခိုက်ပျက်ပြားရင် ဆက်လက်ရပ်တည်ဖို့ ခက်ခဲမှာ ဖြစ်ပါတယ်။ အသင်းပိုင်ရှင် ဂျော့ဂီးလက်စ်တို့ကတော့ နည်းပြဆက်မလုပ်လိုတဲ့ ဘင်နီတက်ဇ်ကို ထပ်ပြီး ဆွေးနွေး ဖျောင်းဖျတော့မှာ မဟုတ်တဲ့အတွက်အခုကတည်းက နည်းပြသစ်ရှာဖွေနေပြီဖြစ်ပါတယ်။

စိုးရိမ်

ဒီသတင်းတွေကြောင့် ဘင်နီတက်ဇ် စိတ်အနှောင့်အယှက်ဖြစ်နေတာမို့ စာချုပ်မပြည့်ခင်မှာ ဘင်နီတက်ဇ် ရုတ်တရက် နုတ်ထွက်သွားမှာကို ကစားသမားတွေကလည်း စိုးရိမ်နေပါတယ်။ ဒါကြောင့် လီဗာပူးနဲ့ဘင်နီတက်ဇ်တို့ရဲ့ အနာဂတ်ကတော့ စိတ်ဝင်စားစရာကောင်းနေတာမို့ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

ဗစ်တိုးရီးယားရေကူးပြိုင်ပွဲ လူတာစတိန်းဗိုလ်စွဲ

ဆစ်ဒနီ ဇန်နဝါရီ ၂၀

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ဇန်နဝါရီ ၂၀ ရက်က ကျင်းပသည့် ဗစ်တိုးရီးယားရေကူးချန်ပီယံပြိုင်ပွဲ မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ အင်ဒရူးလူတာစတိန်း အနိုင်ရဗိုလ်စွဲခဲ့သည်။

အင်ဒရူးလူတာစတိန်းသည် မီတာ ၁၀၀ လိပ်ပြာကူး၌ ၅၁ ဒသမ ၇၃ စက္ကန့်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အသက် ၂၁ နှစ်အရွယ် စတိန်းသည် ပေကျင်းအိုလံပစ်ပွဲတော်၌ သူရရှိခဲ့သော စံချိန်ထက် ၀ ဒသမ ၆၁ စက္ကန့်လျော့ကာ ရေကူးနိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက် ဂိတ်ကာတက်စ်က ၅၂ ဒသမ ၈၄စက္ကန့်သာ ရေကူးနိုင်ခဲ့သည်။ **(အင်တာနက်)**

တိုက်စစ်မှူး ဘယ်လာမီအား မန်စီးတီးက ခေါ်ယူ

လန်ဒန် ဇန်နဝါရီ ၂၀

ဝက်စ်ဟမ်းတိုက်စစ်မှူး ဘယ်လာမီအား မန်စီးတီးက ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ၁၄သန်းပေးကာ ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း မန်စီးတီးကလပ်မှ တာဝန်ရှိသူများက ပြောကြားသည်။

အသက် ၂၉နှစ်အရွယ် တိုက်စစ်မှူး ဘယ်လာမီသည် ဝက်စ်ဟမ်းအသင်းက စာချုပ်သက်တမ်းတိုးရန် ပြောကြားသော်လည်း ငြင်းပယ်ခဲ့ပြီး အသင်းပြောင်းရန် ကြိုးစားနေခဲ့သူဖြစ်သည်။မန်စီးတီးနည်းပြ မာခ့်ဟူးချ်သည် ဝေလနှင့်ဘလက်ဘန်းအသင်းတို့တွင် ဘယ်လာမီ ကစားခဲ့စဉ်က နည်းပြလုပ်ကိုင်ခဲ့သဖြင့် ယခုကဲ့သို့ မန်စီးတီးအသင်းသို့ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ စပိန်နှင့်ပေါ်တူဂီတို့ ပူးတွဲကျင်းပခွင့်ရရန် အဆိုပြု

မက်ဒရစ် ဇန်နဝါရီ ၂၀

၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပရန်အဆိုပြုရေး စပိန်နှင့် ပေါ်တူဂီတို့က ဇန်နဝါရီ၂၀ရက်၌ သဘောတူညီလိုက်ကြသည်။

ပူးတွဲအိမ်ရှင်

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အဆိုပြုထားကြသည့် နိုင်ငံများမှာ အင်္ဂလန်၊ ဩစတြေးလျ၊ ကာတာ၊ အမေရိကန်နှင့် ရုရှားတို့ဖြစ်ကြသည်။ ဘယ်လ်ဂျီယံနှင့် နယ်သာလန် နှစ်နိုင်ငံတို့ကမူ မူလကတည်းက ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပခွင့်ပြုရန် အဆိုပြုထားခဲ့သည်။

သဘောတူ

စပိန်နှင့် ပေါ်တူဂီ နှစ်နိုင်ငံတို့အနေဖြင့် အိမ်ရှင်အဖြစ် ပူးတွဲကျင်းပရန်အတွက် စပိန်နိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ အင်ဂယ်လ်မာရီရာဗီလာနှင့် ပေါ်တူဂီအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဂီလ်ဘာတိုမာဒေးလ်တို့က သဘောတူစာချုပ်ချုပ်ခဲ့ကြခြင်းဖြစ်သည်။

(အင်တာနက်)

အေစီမီလန်၌သာ ကာကာ ဆက်လက်ကစားမည်

မီလန် ဇန်နဝါရီ ၂၀

အေစီမီလန် ကွင်းလယ်တိုက်စစ်မှူး ကာကာအား မန်စီးတီးမှ ပြောင်းရွှေ့ကြေး အမြောက်အမြားပေး၍ ခေါ်ယူမှုကို အေစီမီလန်က ဇန်နဝါရီ ၂၀ရက်က ငြင်းဆိုလိုက်ပြီဖြစ်ကြောင်း အေစီမီလန်ကလပ်က သတင်းထုတ်ပြန်လိုက်သည်။

ငြင်းဆို

မန်စီးတီးကလပ်မှ တာဝန်ရှိသူများက ပြီးခဲ့သည့်ရက်များက ကာကာအားခေါ်ယူမှု အပြီးသတ် ဆောင်ရွက်နိုင်ခဲ့သည်ဟု ပြောကြားခဲ့သည်။ သို့သော် ကာကာ၏ဖခင်၊ အေစီမီလန်ကလပ်နှင့် ကာကာတို့ ဆွေးနွေးခဲ့ကြပြီးနောက် မန်စီးတီးကလပ်၏ ငွေပုံပေးခေါ်ယူမှုကို ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

အကြံပြု

အေစီမီလန်ပရိသတ်၊ ကစားဖော်များနှင့် မိတ်ဆွေများကလည်း ကာကာအား မပြောင်းရွှေ့ရန် အကြံပြုခဲ့ကြသည်။ ကာကာကို အေစီမီလန်က ၂၀၁၃ခုနှစ်အထိ စာချုပ်ရန် စီစဉ်လျက်ရှိသည်။ (အင်တာနက်)

ပရီမီယာလိဂ်ပွဲစဉ်(၂၂)အပြီး အသင်းများ၏ ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	မန်ယူ	၂၁	၁၄	၅	၂	၄၇
၂	လီဗာပူး	၂၂	၁၃	၈	၁	၄၇
၃	ချယ်လ်ဆီး	၂၂	၁၃	၆	၃	၄၅
၄	ဗီလာ	၂၂	၁၃	၅	၄	၄၄
၅	အာဆင်နယ်	၂၂	၁၂	၅	၅	၄၁
၆	အဲဗာတန်	၂၂	၁၀	၆	၆	၃၆
၇	ဝီဂန်	၂၂	၉	၄	၉	၃၁
၈	ဝက်စ်ဟမ်း	၂၂	၈	၅	၉	၂၉
၉	ဟူးလ်စီးတီး	၂၂	၇	၆	၉	၂၇
၁၀	ဖူလ်ဟမ်	၂၀	၆	၈	၆	၂၆
၁၁	မန်စီးတီး	၂၁	၇	၄	၁၀	၂၅
၁၂	ပို့စ်မောက်	၂၁	၆	၆	၉	၂၄
၁၃	ဘော်လ်တန်	၂၂	၇	၂	၁၃	၂၃
၁၄	နယူးကာဆယ်	၂၂	၅	၈	၉	၂၃
၁၅	ဆန်းဒါးလန်း	၂၂	၆	၅	၁၁	၂၃
၁၆	စပါး	၂၂	၅	၆	၁၁	၂၁
၁၇	ဘလက်ဘန်း	၂၁	၅	၈	၁၀	၂၁
၁၈	မစ်ဒယ်ဘရော့	၂၂	၅	၆	၁၁	၂၁
၁၉	စတုတ်	၂၂	၅	၆	၁၁	၂၁
၂၀	ဝက်စ်ဘရွန်း	၂၂	၆	၃	၁၃	၂၁

ချစ်စိုးနိုင် စုစည်းတင်ပြသည်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်

အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းဌေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ) ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ငွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန် (အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညှိပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ် ၂၂၀၀၀ နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကျောက်ဆည်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

ကျောက်ဆည် ဇန်နဝါရီ ၂၀

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြို့အဝင် ဆင်နှစ်ကောင်အနီးတွင် သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ယုယုလွင်က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းတို့ ဂိုးသွင်းစွမ်းရည်ပြ

➤ သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင် ➤ စာမျက်နှာဖွဲ့စည်းမှု - ဘိုဘိုမင်း (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၀

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း)အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနဲ့ စီးပွား/ကူးသန်းအသင်းတို့ ဂိုးပြတ်များဖြင့် အနိုင်ရခဲ့ကြပါတယ်။

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန် - ငါးဂိုး
လယ်ယာ/ဆည်မြောင်း - တစ်ဂိုး

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကတော့ အမှတ်ပေးဇယားကို ဆက်လက်ပြီး ဦးဆောင်နိုင်ဖို့အတွက် အခုပွဲကို အမှားအယွင်းမရှိအောင် ကစားခဲ့ပါတယ်။ Air Bagan F.C၊ စွမ်းအင်တို့ကို နှစ်ပွဲဆက် အနိုင်ကစားထားတဲ့ လယ်ယာ/ ဆည်မြောင်းအသင်းဟာ အခုပွဲမှာလည်း ဘဏ္ဍာ/အခွန်ကို ခြေရည်တူ လိုက်ကစားနိုင်ပေမယ့် တိုက်စစ်မှူးတွေ ဂိုးမရခဲ့တာ၊ ခံစစ်ဇုန်က ဘဏ္ဍာ/အခွန် ရှေ့တန်းကို မထိန်းနိုင်ခဲ့တာကြောင့်လည်း ဂိုးပြတ်ရှုံးသွားခဲ့ရတာဖြစ်ပါတယ်။ ဘဏ္ဍာ/အခွန်အသင်းဟာ နှစ်ပွဲဆက်တိုက် ဂိုးသွင်းစွမ်းရည်တွေ ပြသခဲ့ပြီး ပိုပြီးကျေနပ်စရာကောင်းတာကတော့ Air Bagan နဲ့ ပွဲပြီးကတည်းက သုံးပွဲဆက် ဂိုးပေါက်ပျောက်နေတဲ့ တိုက်စစ်မှူး စိုးမြတ်မင်း ဂိုးပြန်သွင်းနိုင်ခဲ့တာဖြစ်ပြီး အခုပွဲမှာ သုံးဂိုး(ဟက်ထရစ်)သွင်းယူခဲ့ပါတယ်။

ဘဏ္ဍာ/အခွန်တိုက်စစ်မှူး ရန်ပိုင်နှင့် လယ်ယာ/ဆည်မြောင်းမှ နေဝင်းအောင်တို့ ဘောလုံးရရှိရေး ဤသို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သည်။ (မြန်မာ့အလင်း)

တိုက်စစ်

လယ်ယာ/ဆည်မြောင်း အသင်းကတော့ ခင်မောင်လွင်ကိုရှေ့တင်ပြီး တိုက်စစ်ကို အားထည့်ကစားတာကြောင့် ပွဲအစပိုင်းမှာ လယ်ယာ/ဆည်မြောင်းကတောင် ဖိကစားနိုင်ခဲ့ပါတယ်။ ဘဏ္ဍာ/အခွန်ဟာ အသင်းကြီးပီပီ ပွဲကိုထိန်းကစားပြီးလယ်ယာ/ဆည်မြောင်းရဲ့ ဟာကွက်ကိုစောင့်ပြီး ထိုးဖောက်ခဲ့ပါတယ်။ ၁၆ မိနစ်မှာတော့ ဘဏ္ဍာ/အခွန်အသင်းအတွက် ဇွဲဆော်ဦးဂိုးရသွားပြီး စိုးမြတ်မင်း ခေါင်းတိုက်ချပေးတာကို ပိုင်စိုးက သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ လယ်ယာ/ဆည်မြောင်း ချေပဂိုးရဖို့ ပြန်ကြိုးစားခဲ့ပြီး ခင်မောင်လွင်ရဲ့ဖရီးကစ်ကို အောင်အောင်ဦး ကာကွယ်ခဲ့ရပါတယ်။၃၂မိနစ်မှာ ဘဏ္ဍာ/အခွန် ဒုတိယဂိုးထပ်ရသွားပြီး အသင်းခေါင်းဆောင် စိုးမြတ်မင်းက သွင်းယူခဲ့တာ ဖြစ်ပါတယ်။

စိုးမိုးနိုင်

ဒုတိယပိုင်းမှာတော့ ဘဏ္ဍာ/အခွန်က ပွဲကိုစိုးမိုးထားနိုင်ခဲ့ပြီး ၄၉ မိနစ်မှာ အောင်ကျော်မိုးက တတိယဂိုးကိုသွင်းယူခဲ့ပါတယ်။ ဆက်တိုက်ဆိုသလိုဖိကစားနေတဲ့ ဘဏ္ဍာ/အခွန်အသင်းဟာ ၅၈ မိနစ်မှာ ခင်မောင်ထွန်းရဲ့ ဖြတ်တင်ဘောကို စိုးမြတ်မင်းက လှလှပပ နောက်ပြန်ကန်ပြီး စတုတ္ထဂိုးရယူသွားပါတယ်။ ဂိုးတွေဆက်တိုက် ပေးလိုက်ရတာကြောင့် လယ်ယာ/ဆည်မြောင်းအသင်း တိုက်စစ်အား ပြန်တင်လာပြီး ခင်မောင်လွင်နဲ့ တင်အောင်မိုးတို့ရဲ့ တိုးအားတွေနဲ့ အဓိကထိုးဖောက်ခဲ့ပါတယ်။ ၇၂ မိနစ်မှာ လယ်ယာ/ဆည်မြောင်းအသင်း တစ်လုံးတည်းသော ချေပဂိုးပြန်ရခဲ့ပြီး ခင်မောင်လွင်ရဲ့ ကန်သွင်းချက် အောင်အောင်ဦးနဲ့ ထိထွက်လာတာကို တင်အောင်မိုးက ပိတ်သွင်းခဲ့တာဖြစ်ပါတယ်။

ခြေစွမ်းပြနေတဲ့ တိုက်စစ်မှူး စိုးမြတ်မင်းဟာ သူ၏သုံးဂိုးမြောက် (ဟက်ထရစ်ဂိုး)နဲ့ ဘဏ္ဍာ/အခွန်အတွက် ပဉ္စမမြောက်ဂိုးကို မိနစ်၈၀မှာ လယ်ယာ/ဆည်မြောင်းနောက်ခံလူကိုကျော်ပြီး သွင်းယူခဲ့ပါတယ်။ ၈၄မိနစ်မှာ လယ်ယာ/ဆည်မြောင်းအသင်း ချေပဂိုးနောက်တစ်ဂိုး ထပ်မံရဖို့ အခွင့်အရေးရခဲ့ပေမယ့် အသင်းခေါင်းဆောင် ခင်မောင်လွင် သူ့ကြောင့်ရတဲ့ ပယ်နယ်တီကို ကိုယ်တိုင်ကန်သွင်းပေမယ့် အောင်အောင်ဦး ကာကွယ်နိုင်ခဲ့ပါတယ်။

သုဝဏ္ဏကွင်း

စီးပွား/ကူးသန်း - ငါးဂိုး
ကာကွယ်ရေး - တစ်ဂိုး
ဝန်ကြီးဌာန

အမှတ်ပေးဇယား ထိပ်ဆုံးနေရာအတွက် အပြိုင်ဖြစ်နေတဲ့ ဘဏ္ဍာ/အခွန်အသင်း အောင်ဆန်းကွင်းမှာ ဂိုးပြတ်အနိုင်ရခဲ့သလို သုဝဏ္ဏကွင်းမှာလည်း စီးပွား/ကူးသန်းက ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ ပထမပိုင်းမှာ မင်းဘိုဘိုရဲ့ ဂိုးနဲ့ စီးပွား/ကူးသန်း အနိုင်ရနေပြီး ဒုတိယပိုင်းမှာ စထက်နိုင်ဝင်း နှစ်ဂိုး၊ မင်းဘိုဘိုနဲ့ ထူးကျော်တို့က တစ်ဂိုးစီထပ်မံ သွင်းယူခဲ့ကြပါတယ်။

၂၂-၁-၂၀၀၉ရက်

အောင်ဆန်းကွင်း

စွမ်းအင် - မြန်မာ့မီးရထား

သုဝဏ္ဏကွင်း

ဆောက်လုပ်ရေး-သစ်တောရေးရာ။

(မြန်မာ့အလင်း)

ဇန်နဝါရီ ၂၀ ရက်အပြီး အသင်းများ၏ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်းဂိုး	ပေးဂိုး	အသားတင်ဂိုး+/-	ရမှတ်
၁	ဘဏ္ဍာ/အခွန်	၆	၄	၂	-	၁၆	၅	+၁၁	၁၄
၂	စီးပွား/ကူးသန်း	၅	၄	၁	-	၁၂	၄	+၈	၁၃
၃	သစ်တောရေးရာ	၅	၂	၃	-	၇	၃	+၄	၉
၄	ပို့ဆောင်ရေး	၅	၂	၂	၁	၉	၃	+၆	၈
၅	ကမ္ဘောဇ	၅	၂	၂	၁	၄	၃	+၁	၈
၆	စွမ်းအင်	၅	၂	၂	၁	၄	၄	-	၈
၇	ဆောက်လုပ်ရေး	၅	၂	၁	၂	၅	၉	-၄	၇
၈	လယ်ယာ/ဆည်မြောင်း	၆	၂	-	၄	၆	၁၄	-၈	၆
၉	Air Bagan	၅	၁	၂	၂	၅	၆	-၁	၅
၁၀	ကာကွယ်ရေး	၅	၁	၂	၂	၆	၈	-၂	၅
၁၁	မြန်မာ့မီးရထား	၅	-	၄	၁	၄	၅	-၁	၄
၁၂	မြို့တော်စည်ပင်	၅	-	၄	၁	၄	၅	-၁	၄
၁၃	ပြည်ထဲရေး	၅	၁	၁	၃	၆	၈	-၂	၄
၁၄	ဆက်သွယ်ရေး	၅	-	-	၅	၅	၁၆	-၁၁	-

မုံရွာဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် မုံရွာဂေါက်ကလပ်တို့က ကြီးမှူး၍ မုံရွာဖလားဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ မုံရွာဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ မင်းနိုင် (Srixon)က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ကျော်စွာလင်း (Srixon)၊ စိုးကျော်နိုင်(Srixon)နှင့် နိုင်နိုင်လင်း(Point)တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၆ ချက်စီဖြင့် ဒုတိယ၊ သိန်းဇော်မြင့် (KM Golf Centre)က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၉ ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်ဝင်း(သစ်တော)က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၃ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ရိုက်ချက်

နေဗလဝင်းမြင့်က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၈ ချက်ဖြင့် ဒုတိယ၊ သန်းနိုင်ဦးနှင့် တင်လင်းကိုတို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၅၁ ချက်စီဖြင့် တတိယလိုက်နေကြပြီး ဘိုဘိုက နှစ်ရက်ပေါင်း ရိုက်ချက် ၁၅၂ ချက်ဖြင့် စတုတ္ထလိုက်နေသည်။

အောင်မြင်ရေး

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီး အကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Future Engineering Group၊ Moe & Moe Co.,Ltd.နှင့် Cherry Yoma Co.,Ltd. တို့က အဓိက ကူညီပံ့ပိုးကြပြီး Co-Sponsor အဖြစ် International Beverages Trading Co.,Ltd.က ထပ်မံ၍ပံ့ပိုးကူညီကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Managementက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းတော်၌ ရေနုတ်မြောင်းတူးဖော်

အင်းတော် ဇန်နဝါရီ ၂၀

စစ်ကိုင်းတိုင်း အင်းတော်မြို့ အောင်ဇေယျရပ်ကွက်အတွင်း အရှည်ပေ ၁၀၀ ရှိ ပင်မရေနုတ်မြောင်းတူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြို့နယ်စည်ပင်)**

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၉ဖြင့် **ဦးသန်းထွန်း (ဥက္ကဋ္ဌ ရွှေအုပ်စုကုမ္ပဏီလီမိတက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း)**အား **သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်**ကို ချီးမြှင့်ခြင်း ခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ကြီးကြီး-ဒေါ်ကြည်ခင်
နာယက-ကျောက်ဆည်မြို့နယ်အသင်း။

မီးဘေးအန္တရာယ် သတိရှိကာကွယ်ရန် အကြံပြုချက်များပါသည့် ရန်ကုန်တိုင်းမဂ္ဂဇင်းထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၀

''အစုတ်ပါမကျန်ခိုးသည့် သူခိုးကြီးများ'' သတိရှိရှိ အသိရှိရှိဖြင့် မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရန်နည်းလမ်း၊ အကြံပြုသုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမဂ္ဂဇင်း အတွဲ(၅)၊ အမှတ်(၄) ထွက်ရှိလာသည်။

ထို့အပြင် တောင်သူနှင့်အကျိုးတူပူးပေါင်းလုပ်ကိုင်သော လယ်ယာစနစ် တိုင်းကြီးသုံးတိုင်းတွင် ထပ်မံတိုးချဲ့လုပ်ကိုင်မည်၊ မြန်မာ-ယူနန်ရေကြောင်း၊ ကုန်းကြောင်း ချိတ်ဆက်ပေါင်းကူးရေးဆောင်ရွက်၊ မီးလောင်ခဲ့သော မော်လမြိုင်ဈေးကြီး အထပ်မြင့်ဈေးကြီးအဖြစ် ပြန်ဆောက်မည်၊ မြန်မာ့ပဲ အရှေ့အလယ်ပိုင်းဈေးကွက်ရှာဖွေရေးပြုလုပ်၊ မန္တလေးရုပ်သေးပညာရှင်အဖွဲ့ ဂျပန်သို့ သွားရောက်ဖျော်ဖြေမည်၊ နိုင်ငံကျော် အနုပညာရှင်များ မြို့ပေါင်း ၂၇မြို့တွင် လှည့်လည်ကပြ၊ လေးလံငြိမ်သက်လျက် ကားဈေးကွက်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ''မြန်မာကျောင်းသားများ စင်ကာပူပညာရေးနှင့် အလုပ်အကိုင်'' အကြောင်း၊ ၂၀၀၇ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကြိုရွေးချယ်ခံရ ခန့်မှန်းစကားသံများနှင့်အတူ အခြားဖျော်ဖြေရေးကဏ္ဍ စသည့် ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

အီလက်ထရွန်နစ်စက်မှုလုပ်ငန်းများမှ အလုပ်သမားများအလုပ်အကိုင်ဆုံးရှုံးမှု ပိုမိုမြင့်တက်လာဖွယ်ရှိ၊ ကမ္ဘာ့စီးပွားရေးအကျပ်အတည်း ကာလတွင် အစိုးရထိန်းချုပ်မှုရှိသည့် တရုတ်စီးပွားရေးမူဝါဒအပေါ် အာရုံစိုက်စရာဖြစ်လာ၊ ကန်လေယာဉ်တစ်စင်း ငှက်အုပ်ကို တိုက်မိသဖြင့် ဟဒ်ဆန်မြစ်တွင်းထိုးကျ၊ အသက်၁၀၇နှစ်အရွယ် အပျိုဟိုင်းကြီး အိမ်ထောင်ပြုရန် သတို့သားလောင်းရှာဖွေ၊ ''ချစ်ရာမရောက် နှစ်ရာရောက်'' ကျန်းမာရေးသတင်း၊ ရုပ်ရှင်ဇာတ်လမ်းကဲ့သို့ သေနတ်ဖြင့် အပြန်အလှန်ပစ်ခတ်ပုံ ကြောက်မက်ဖွယ်ဖြစ်ရပ်မှန်မှုခင်းဖြစ်ပွား၊ ဟာသကဏ္ဍ၊ ''ပြောရဦးမယ် သူတို့ကဒီလိုတဲ့'' ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။

(သတင်းစဉ်)

FOREVER GROUP Co., Ltd.

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းနှင့်သာဝန်ထမ်း)

၁။ **အယ်ဒီတာ** (ကျား/မ) (၃) ဦး
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊
လုပ်ငန်းအတွေ့အကြုံရှိသူ ဖြစ်ရမည်။

၂။ **သတင်းထောက်** (ကျား/မ) (၃) ဦး
တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊
ကျန်းမာရေးကောင်းသူ ဖြစ်ရမည်။

၃။ **Graphic Designer** (ကျား/မ) (၁) ဦး
စာနယ်ဇင်းတွင် လုပ်ကိုင်ဖူးသော
အတွေ့အကြုံရှိသူ ဖြစ်ရမည်။

၄။ **ကွန်ပျူတာစာစီစာရိုက်** (ကျား/မ) (၃) ဦး
စာနယ်ဇင်းတွင်လုပ်ကိုင်ဖူးသော
အတွေ့အကြုံရှိသူ ဖြစ်ရမည်။

လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) နိုင်ငံရေးနှင့်ပြစ်မှုကင်းရှင်းကြောင်း ရပ်ကွက်ထောက်ခံစာနှင့် မြို့နယ်ရဲစခန်း ထောက်ခံစာတို့ကို တင်ပြရမည်။

လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင် အပြည့်အစုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံသုံးပုံနှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူတို့ကို ၂၆-၁-၂၀၀၉ရက်မတိုင်မီ လူကိုယ်တိုင် ပေးပို့လျှောက်ထားနိုင်သည်။

လျှောက်လွှာရယူနိုင်သည့်နေရာ-
အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အထက(၃)သဃ်န်းကျွန်း ပဥ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

အထက(၃)သဃ်န်းကျွန်း(၁၉၆၉မှ ၁၉၈၇/၈၈)ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် အသက်(၆၀)ပြည့်နှစ်အထက်(အငြိမ်းစား)ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ၂၈-၂-၂၀၀၉ရက် (စနေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း မြဦးလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပဥ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲအတွက် ပထမအကြိမ် လှူဒါန်းငွေပေးအပ်ပွဲကို ၂၄-၁-၂၀၀၉ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် စည်ကားသိုက်မြိုက်စွာ လှူဒါန်းပွဲကျင်းပမည်ဖြစ်သဖြင့် (၁၉၆၉မှ ၁၉၈၇/၈၈)ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက် လှူဒါန်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

အပတ်စဉ်(စနေနေ့)မွန်းလွဲ၁နာရီတွင် ငွေလှူဒါန်းပွဲနှင့် ညှိနှိုင်းအစည်းအဝေးပွဲသို့ တက်ရောက်အကြံပြုနိုင်ပါသည်။

အလှူငွေများဆက်သွယ်လှူဒါန်းလိုပါက-

၁။ ဦးမြင့်စိုးဝင်း နာယက ဖုန်း-၀၁-၅၈၁၁၆၃၊
၂။ ဦးခင်မောင်ရွှေ ဥက္ကဋ္ဌ ဖုန်း-၀၉-၅၀-၆၅၁၀၉၊
၃။ ဦးမောင်မောင်မြင့် ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၉-၅၁-၄၈၅၄၄၊
၄။ ဦးသန်းထွန်း ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၁-၅၇၂၀၀၂၊
၅။ ဦးမြင့်ခိုင် အတွင်းရေးမှူး ဖုန်း-၀၉-၅၀-၆၃၀၉၅၊ ၀၉-၅၀-၉၃၁၉၅၊
၆။ ဦးမြင့်အောင် အတွင်းရေးမှူး(၁) ဖုန်း-၀၁-၅၇၀၅၇၇၊
၇။ ဦးကျော်ကျော် အတွင်းရေးမှူး(၂) ဖုန်း-၀၉-၅၀-၂၄၄၆၈၊
၈။ ဦးတင်လှ ဘဏ္ဍာရေးမှူး ဖုန်း-၀၉-၅၁-၀၄၂၁၂၊
၉။ ဦးအေးလွင် ဘဏ္ဍာရေးမှူး(၁) ဖုန်း-၀၉-၅၁-၆၁၈၈၃၊
၁၀။ ဒေါ်ခင်ခင်မြ အဖွဲ့ဝင် ဖုန်း-၀၁-၅၆၁၃၅၈၊
၁၁။ ဦးခင်မောင်ညွန့် စာရင်းစစ် ဖုန်း-၀၁-၅၆၁၀၉၀၊
၁၂။ ကျောင်းအုပ်ဆရာမကြီး အထက(၃)သဃ်န်းကျွန်းတို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ပဥ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီ
အထက(၃) သဃ်န်းကျွန်း၊ ရန်ကုန်မြို့။

မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် မူးယစ်ဆေးဝါး၏ဆိုးကျိုးများ အသိပညာပေးလုပ်ငန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနက မူးယစ်ဆေးဖြတ်ပြီးသူများအား နောက်ဆက်တွဲစောင့်ရှောက်ရေးလုပ်ငန်းများ၊ ရပ်ရွာအခြေအနေပြန်လည် ထူထောင်ရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပေးဆွေးနွေးဟောပြောပွဲကို ယမန်နေ့က အထက(၁) မြောက်ဥက္ကလာပ မြတ်ခရေခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးညွန့်ညွန့်ရွှေ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံးမှ ဦးမင်းသူ၊ မူးယစ်ကြီးကြပ်ရေးမှူးအသင်းမှ စီမံချက်တာဝန်ခံ ဟာသသရုပ်ဆောင် ချစ်ချော၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်မူးယစ်အထူးအဖွဲ့မှ ရဲအုပ်မြင့်သိန်းနှင့် သာကေတမြို့နယ် မူးယစ်ကြီးကြပ်ရေးမှူး ဦးကျော်စွာဝင်း (မောင်ကျော်စွာ-ဒဂုံတက္ကသိုလ်)တို့က ဆွေးနွေးဟောပြောကြသည်။

လက်ခံယူ

ထို့နောက် ရွှေပေါက်ကံမြို့သစ် စက်မှုဇုန် ၁၈၊ ၁၉ရပ်ကွက်မှ လုပ်ငန်းရှင်များက အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးစံရှိန်က လက်ခံရယူသည်။ **(လူမှုဝန်ထမ်း)**

ဟသ်ာတမြို့နယ် ကျေးလက်လမ်း ကျောက်ချောခင်း

ဟသ်ာတ ဇန်နဝါရီ ၂၀

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် လယ်တော်-ပခန်းလမ်းကို ကျောက်ချောခင်းခြင်း လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးငွေဝင်းတို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှနိုင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(မြို့နယ်စည်ပင်)**

ကလေးဝမြို့မဈေး မီးဘေးကြိုတင်ကာကွယ်

ကလေးဝ ဇန်နဝါရီ ၂၀

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၅ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူး၊ စည်ပင်အဖွဲ့ဝန်ထမ်းများ၊ ဈေးမိ၊ ဈေးဖ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဇော်ခင်ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှူး ဦးဆောင်၍ အမှတ်(၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်ရပ်ကွက်သူ ရပ်ကွက်သားများ ဇန်နဝါရီ၁၈ရက်က ပတ်ဝန်းကျင်ကျန်းမာရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ပိတောက်လမ်းနှင့် ကံကော်လမ်းမကြီး တစ်လျှောက် ရေနုတ်မြောင်း၊ အမှိုက်များနှင့် ချုံနွယ်ပိတ်ပေါင်းများကို စုပေါင်းရှင်းလင်းကြစဉ်။ (၁၁၄)

ကော့မှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ နတ်စင်ကုန်းစံပြကျေးရွာ လက်နှိပ်တုံကင် တူးဖော်ပြီးစီးမှုကို ဇန်နဝါရီ ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးကိုကို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတိုးအောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ဦးတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားစည်ပင် ဈေးကြီးလမ်း ကတ္တရာခင်းဆောင်ရွက်

မြစ်ကြီးနား ဇန်နဝါရီ ၁၄

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ဈေးကြီးလမ်း ကတ္တရာလမ်းခင်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၈ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး) ဦးဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

ပွင့်ဖြူမြို့နယ် မြတ်ဆရာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပွင့်ဖြူ ဇန်နဝါရီ ၁၅

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ပေတောကျောင်းကုန်းကျေးရွာ မြတ်ဆရာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် မွန်းလွဲ ၂နာရီက အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုရဲမှူး ကံစိန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုး၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးငွေးဝင်းနှင့် အလှူရှင်ကိုယ်စား ဦးကျော်ဖိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုရဲမှူးကံစိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေး လုပ်ငန်းများ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြတ်ဆရာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ဌာနဆိုင်ရာများနှင့် အလှူရှင်များက သုတရသစာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စာကြည့်တိုက် အဆောက်အအုံကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းမြောက်ရပ်ကွက် အောင်စေတနာမူကြို့မှ ဦးမျိုးအောင်နိုင်-ဒေါ်သက်ဥမ္မာဒွေး မိသားစုတို့က ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်သည် **(မြို့နယ် ပြန်/ဆက်)**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇီးကုန်းမြို့ ဘဲအင်းကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးသက်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲလတ်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၁၅ရက်က တာမွေမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းတွင် သက်ကြီးဆရာ၊ ဆရာမကြီးများအား ပူဇော်ပွဲကျင်းပရာ အလှူရှင် အဋ္ဌမတန်းကျောင်းသူ မသီရိသက်နိုင် (ခ) ဘုတ်ဘုတ်က ကျောင်းအုပ် ဆရာမကြီး ဒေါ်စိုးစိုးတင့်အား ကန်တော့လက် ဆောင်ပေးအပ်လှူဒါန်းစဉ်။ (၁၂၅)

ရေတာရှည်မြို့နယ်၌ နွေစပါးဧက ၃၀၀၀၀စိုက်ပျိုးရေး တာဝန်ပေးအပ်

ရေတာရှည် ဇန်နဝါရီ ၁၅

ပဲခူးတိုင်း ရေတာရှည်မြို့နယ်၏ ၂၀၀၈-၂၀၀၉ခုနှစ် နွေစပါးဧက ၃၀၀၀၀ စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် တာဝန်ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၆ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က ၂၀၀၇-၂၀၀၈ နွေစပါး စိုက်ပျိုးရေးရာသီတွင် နွေစပါး ၂၆၀၉၉ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် ၂၀၀၈-၂၀၀၉ခုနှစ်တွင် ဤမြို့နယ်အနေဖြင့် နွေစပါးဧက ၃၀၀၀၀ စိုက်ပျိုးရမည် ဖြစ်ကြောင်း၊ လျာထားဧက အပြည့်အဝစိုက်ပျိုးနိုင်ရန်နှင့် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်နှင့် ကျေးရွာအုပ်စု စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းပြီး ပူးပေါင်းဆောင်ရွက်ကြရန်နှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပြောကြား

ထို့နောက် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးဟန်ငြိမ်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဝင်းနှင့် ဆည်မြောင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိန်လှတို့က လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ၎င်းနောက် နယ်မြေအလိုက် ရပ်ကွက် ဥက္ကဋ္ဌများအား မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နွေစပါးစိုက်ပျိုးရေး တာဝန်ပေးအပ်လွှာများကို ပေးအပ်ကြကြောင်း သိရသည်။

(လယ်ယာစိုက်ပျိုးရေး)

ပင်လောင်း ဝါးခြာကျေးရွာ စာကြည့်တိုက်အဆောက်အအုံဖွင့် ငွေပဒေသာပင်နှင့် သုတရသစာအုပ်များလှူဒါန်း

ပင်လောင်း ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် မြောက်ထီဗွာကျေးရွာအုပ်စု ဝါးခြာ၊ ရိုင်းပူး၊ ဝါးပြုံး၊ လဲလောင်းပေနှင့်သိန်းလာပြားကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ ငွေပဒေသာပင်နှင့် စာအုပ်များလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၂ရက် နံနက် ၁၀နာရီက ဝါးခြာကျေးရွာ အမကမူလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူး အုန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၂၅၀၀၀၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က ကျေးရွာစာကြည့်တိုက်များအတွက် သုတရသစာအုပ်မျိုးစုံ ၅၀စီကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နီနီဝင်းက အမျိုးသမီးရေးရာဂျာနယ် အစောင် ၅၀ကိုလည်းကောင်း၊ မြောက်ထီဗွာ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးမောင်ဆိုင်က စာအုပ်မျိုးစုံ ၂၅၀ကိုလည်းကောင်း၊ စာကြည့်တိုက်မှူး ဦးရောမင်းက ငွေပဒေသာပင်ငွေကျပ် ၁၀၀၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဖွင့်လှစ်

ဆက်လက်၍ဝါးခြာကျေးရွာဘဝဗိမာန် စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူး အုန်းရွှေ၊ ကျေးရွာဥက္ကဋ္ဌ ဦးပန်းလှနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာသို့ ကျိုင်းတုံအထွေထွေရောဂါကု ဆေးရုံကြီးမှ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာဦးသိန်းဟန်နှင့်မိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ ကြီးကြပ်ရေးကော်မတီဝင် ဦးထွန်းလွင်ဦးက လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

တောင်သာမြို့၌ ပညာပျိုးခင်း စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်

တောင်သာ ဇန်နဝါရီ ၁၄

တောင်သာမြို့နယ် လက်ပန်တောရွာ ပညာပျိုးခင်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ရက် နံနက် ၁၀နာရီက ပညာပျိုးခင်း စာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်၊ မြို့နယ်အတွင်းရေးမှူး ဦးသန်းနိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်၊ မြို့နယ်အတွင်းရေးမှူး ဦးသန်းနိုင်တို့က အမှာစကားပြောကြားပြီး စာကြည့်တိုက် ဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးကျော်သန်းက ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

လှူလာ

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်က သုတရသ စာအုပ်မျိုးစုံ အုပ် ၁၀၀၊ မြို့နယ်ဦးစီးမှူး ဦးအောင်သိန်းက သုတရသစာအုပ်မျိုးစုံ ၁၀၀၊ မန္တလေးမြို့ အလှူရှင်ကိုယ်စား ဦးကျော်သန်းက စာအုပ်မျိုးစုံ အုပ် ၅၀၀ကို လက်ပန်တောကျေးရွာ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းပြီး တက်ရောက်လာသော ပြည်သူများက ပြသထားသောစာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကို လှေ့လာကြည့်ရှုကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တမူး-အောင်ဇေယျ-ကက်သာ မော်တော်ယာဉ်လိုင်းဖွင့်

တမူး ဇန်နဝါရီ ၁၃

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စစ်ကိုင်းတိုင်း တမူးခရိုင် မြို့သစ်မြို့ အောင်ဇေယျ ကျေးရွာနှင့် ဟုမ္မလင်း မြို့နယ် ကက်သာကျေးရွာအကြား မော်တော်ယာဉ်လိုင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် မွန်းတည့် ၁၂နာရီက အောင်ဇေယျ ကျေးရွာ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် တမူးခရိုင် ဥက္ကဋ္ဌ၊ နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူး နေမျိုးသန့်၊ တမူးခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့သစ်မြို့ အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အဆိုပါ ခရီးလမ်းသည် တမူးမြို့မှ အောင်ဇေယျကျေးရွာအထိ မိုင် ၄၀၊ အောင်ဇေယျကျေးရွာမှ ကက်သာကျေးရွာအထိ ၃၈ မိုင် ၁ဖာလုံ၊ ပေါင်း ၇၈ မိုင် ၁ဖာလုံရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အားကစားပြိုင်ပွဲများ ပြင်ဦးလွင်၌ ကျင်းပ

ပြင်ဦးလွင် ဇန်နဝါရီ ၁၅

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရပ်ကွက်အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက် နံနက် ၁၀နာရီက ပဒေသာကွက်သစ် ရပ်ကွက်ကြီး(၈) အမှတ်(၂၂) အလကကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရပ်ကွက်ကြီး(၈)ရပ်ကွက် အဖွဲ့ဝင် ဦးအေးကြိုင်က အမှာစကားပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ရင်နှင့် ရပ်မိရပ်ဖ ဦးစိန်ဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရပ်ကွက်ကြီး(၈) အားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း၊ ချောတိုင်၊ တာဝေးပြေး၊ မီတာ ၁၀၀ကျား၊ မီတာ ၅၀ ကျားလတ်၊ ကျားငယ်၊ မီတာ ၅၀ မလတ်၊ မငယ်တို့ ယှဉ်ပြိုင်ကစားကြရာ ပိုက်ကျော်ခြင်း ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ကျန်အားကစား ပထမ၊ ဒုတိယ၊ တတိယ ဆုများကို ရပ်ကွက်ကြီး(၈) ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ရင်၊ အဖွဲ့ဝင် ဦးအေးကြိုင်နှင့် တာဝန်ရှိသူများက အလှည့်ကျဆုများချီးမြှင့်ကြောင်း သိရသည်။ **(ဝ၈၈)**

ဘုတ်ပြင်းမြို့နယ်၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

ဘုတ်ပြင်း ဇန်နဝါရီ ၁၆

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်တွင် ပထမအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဘုတ်ပြင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားကို ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။

ကာကွယ်ဆေးတိုက်ကျွေး

ထို့နောက်မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင် ဇင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်ဝင်းနှင့်ဒုတိယရဲမှူးသန်းမြင့် ဦး ဦးဆောင်သောကျန်းမာရေးဌာနဝန်ထမ်း များကမြို့ပေါ်စုရပ်ငါးနေရာ၌ငါးနှစ်အောက် ကလေးများအား နံနက်ဖနာရီမှစတင်၍ ပိုလီ ယိုကာကွယ်ဆေးတိုက်ကျွေးကြကြောင်း သိရသည်။ **(ယာပုံ) (မြို့နယ် ပြန်/ဆက်)**

ဘဝအလင်းရောင်စာကြည့်တိုက် အုတ်တွင်း၌ဖွင့်

အုတ်တွင်း ဇန်နဝါရီ ၁၂

အုတ်တွင်းမြို့နယ် နတ်စင်ကုန်းကျေးရွာတွင် စံ(၅)ရပ်နှင့်ညီညွတ်သော ကိုယ့်အား ကိုယ်ကိုး ဘဝအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက် နံနက် ၇နာရီက ကျင်းပသည်။

ဖွင့်လှစ်

ဖွင့်ပွဲကို မြို့နယ်အတွင်းရေးမှူး ဦးသိန်းအောင်၊ တောင်ငူခရိုင် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ကုန်ကျ

ဆက်လက်၍ နတ်စင်ကုန်းကျေးရွာ အုပ်စုအတွင်းရှိ သရက်ကုန်းရွာ အလင်း သစ်၊ ကွမ်းသီးခြံရွာ ယဉ်ကျေးလိမ္မာ၊ဆင်ကုန် တိုင်ရွာ သုတအလင်း၊ပုဏ္ဏားစုရွာ ပုံညအမွေ စာကြည့်တိုက်များကို ဖွင့်လှစ်ခဲ့ပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ဦးစီးမှူး ဦးစိုးကြိုင်က စာကြည့်တိုက် များသို့ သုတရသစာအုပ်စုံ၂၅အုပ်၊ ဂျာနယ် စုံအစောင်၁၀၀တို့ကိုလှူဒါန်းခဲ့သည်။ အုပ်စု လုံးကျွတ် စာကြည့်တိုက် ငါးတိုက်တို့၏ ဆောက်လုပ်မှု တန်ဖိုးမှာ ငွေကျပ် ၁၅သိန်း ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပုလဲမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးလုပ်ငန်း ပုလဲ- ဂန့်ဂေါ ကားလမ်း မြို့ဝင်ဆိုင်းဘုတ် ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၅ ရက်က စစ်ကိုင်းတိုင်းစည်ပင်သာယာ ရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင် ကွင်းဆင်း စစ်ဆေး ရာ အမှုဆောင်အရာရှိ ဦးလှမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးမင်းဝင်း တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



ပြည်မြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း ပညာရေးစုံညီပွဲတော် ဘက်စုံပညာထူးချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေး အခမ်း အနားကို ဇန်နဝါရီ ၅ရက်က လူငယ့်အားမာန်ခန်းမ၌ ကျင်းပရာ ကျောင်းတွင်း သချာထူးချွန်ဆုရှင် ပဉ္စမတန်းကျောင်းသား ဆလိုင်းထက်ပိုင်ဟိန်းအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ကျင်သော်က ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (ပညာရေး)

ကာမိုင်းမြို့ သာယာလှပရေး ပန်းအလှပင်စိုက်ပျိုး

ကာမိုင်း ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်အဖွဲ့သည် ကာမိုင်းမြို့တွင်း မြို့သာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် မြို့အဝင်ဆိုင်းဘုတ် အတွင်း ပန်းအလှပင်စိုက်ပျိုးထားရှိမှုကို ဒီဇင်ဘာ ၂၀ရက်က ကြည့်ရှုစစ်ဆေးရာ မြို့စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံဦးစီး အရာရှိ ဦးမိုးလွင် လုပ်ငန်းဆောင်ရွက်မှု နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြော်ငြာစာ

မန္တလေးမြို့ ပြည်ကြီးတံခွန် မြို့နယ် (ဓ)ရပ်ကွက် အကွက်အမှတ် နန/၁၆ ဦးပိုင်အမှတ်(၆၂)၊ ၆၁လမ်း နှင့် ၆၂လမ်းကြား၊ စံပြလမ်း× သခင် ဖိုးလှကြီးလမ်း ဦးသံချောင်း အမည် ဖြင့် ချထားပေးသော မြေကွက်အား ဦးမောင်ဇော် ၉/မနမ(နိုင်) ၀၃၆၈၁၇ က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ တောမှ မြို့ပြောင်း၊ အမည် ပြောင်း၊အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံး ဒီကရီများဖြင့်၁၄ ရက်အတွင်းကန့်ကွက် နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်
စည်ပင်သာယာရေးကော်မတီ။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၄၅၅၅ Luojia ယာဉ်လက်ဝယ်ရှိသူ ဒေါ်လီဝင်း(ခ) တုံရွှေးမေ ၉/မရမ(နိုင်)၀၇၉၃၁၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၆၉၉၁ Nissan Diesel CD54V-Truck ယာဉ် လက်ဝယ်ရှိသူ ဒေါ်အေးရီ ၁၃/မဆတ(နိုင်)၀၁၄၆၇၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၁၁၅၀ ဟွန်ဒါဒရင်းဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိန်စိန် ၁/ဗမန(နိုင်)၀၂၉၉၅၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ ဗန်းမော်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၃၅၄၁၄ Hensim ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင် နွယ် ၉/မနတ(နိုင်)၀၀၆၂၇၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၃၉၃၀ Honda C 90 H Custom ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညွန့်ညွန့်အေး ၉/မရတ(နိုင်)၁၀၈၁၂၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၄၅၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဝင်း ၉/မရတ(နိုင်) ၀၈၁၇၆၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ ရပ်ကွက်၊ အကွက်အမှတ် သ/၁၅၊ ဦးပိုင်အမှတ်(၅၆)၊ ၇၄လမ်း× ၇၅လမ်း၊ A3 လမ်း ကြား ဗိုလ်မှူးချုပ်ဘသိန်းအမည်ပေါက်မြေကွက်အား ဒေါ်သန်းညွန့် ၉/မနမ(နိုင်)၀၂၆၇၆၄က အမှုတွဲအမှတ် ၁၉၆၅/၂၀၀၈-၂၀၀၉ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စ ရပ်ကွက်၊ အကွက်အမှတ် ထထ/၂ ဦးပိုင်အမှတ်(၆၉)၊ အနော်ရထာလမ်း× ကျန်စစ်သား လမ်းကြား ၆၀ B လမ်းနှင့် ၆၁လမ်းကြား ဦးနီအမည်ပေါက်ဂရန်မြေကွက်အား ဦးနီ ၉/မနမ(နိုင်)၀၁၄၀၈၁ က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း/ဂရန်မိတ္တူ/အမှုတွဲဖွင့်ခွင့်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ဖုန်ဂန်ရာဇီရေခဲတောင်ထိပ်မှ ILBC ခြေလျင်နှင့်တောင်တက်အသင်း၏ အောင်မြင်မှုခရီး

၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ရက်က ILBC ခြေလျင်နှင့် တောင်တက်အဖွဲ့ ပေပေါင်း ၁၁၈၆၀မြင့်သည့် ဖုန်ဂန်ရာဇီရေခဲတောင်ထိပ်သို့ ရောက်ရှိခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို စိုက်ထူ၍ ဤသို့အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြသည်။ (မြန်မာ့အလင်း)

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်) ဓာတ်ပုံ-သောင်းမြင့်(သတင်းစဉ်) စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ

ရန်ကုန် ဇန်နဝါရီ ၂၀

နေ့ရက်က ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ရက်၊ နှစ်သစ်မင်္ဂလာ၏ ကနဦးဆုံးနေ့ရက်….။ အချိန်ကား နံနက် ၅ နာရီခွဲ။ နေရာက ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ဖုန်ဂန်ရာဇီရေခဲတောင်၏ ရေခဲစပ် စုရပ်နေရာ။

တက်လှမ်း

International Language & Business Centre(ILBC) ကျောင်းအုပ်ကြီးဦးလေးမောင်ဦးဆောင်သော ILBC ခြေလျင်နှင့် တောင်တက်အသင်းအဖွဲ့ဝင်များသည် အေးမြသောဟေမန္တရာသီဥတုအောက်တွင် ဖုန်ဂန်ရာဇီရေခဲတောင်၏ ရေခဲစပ် စုရပ်မှတစ်ဆင့် တောင်ထိပ်သို့ ဆက်လက်တက်လှမ်းခဲ့ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

ကမ္ဘာမြေထုအတွင်းပိုင်းကို ရိုက်ယူနိုင်သည့် ဂြိုဟ်တုတည်ဆောက်

ဘာသာပြန် သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး

အာကာသအတွင်းမှနေ၍ ဂြိုဟ်တုများက ကမ္ဘာ့မြေမျက်နှာပြင်နှင့် အထက်ဝန်းကျင်တွင်ရှိသော ရာသီဥတုဆိုင်ရာ အချက်အလက်များကို သတင်းနှင့်ဓာတ်ပုံများ ထုတ်ပေးသကဲ့သို့ ကမ္ဘာ့မြေထုအတွင်းပိုင်း၌ ဖြစ်ပျက်နေသော အချက်အလက်များကို ထုတ်ပြန်ပေးနိုင်သော ဂြိုဟ်တု တစ်လုံးကို အီဂျစ်သုတေသနပညာရှင်များနှင့် ဂျပန်သုတေသနပညာရှင်များက တီထွင်ထုတ်လုပ်နေပြီ ဖြစ်သည်။

ရိုက်ကူး

ကမ္ဘာမြေထုအတွင်း မိုင်ပေါင်းများစွာအထိ ထိုးဖောက်ရိုက်ကူးနိုင်သည့် ဂြိုဟ်တုနည်းပညာဖြင့် ကမ္ဘာမြေအတွင်းပိုင်း မြေလွှာများ၏ ဖြစ်တည်နေမှု၊ မြေအောက်မီးတောင်များ အခြေအနေကိုပါ သတင်းအချက်အလက်နှင့် ဂြိုဟ်တုဓာတ်ပုံများ ရိုက်ကူးပေးပို့နိုင်မည် ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၃ ○



မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နေ့စဉ်အနေးအပြေးလေ့ကျင့်လျှင် အသည်းအဆီဖုံးခြင်းကို ကျဆင်းစေနိုင်ဟုဆို



နေ့စဉ် ဖြည်းဖြည်းမှန်မှန် အပြေး လေ့ကျင့်ခြင်းသည် ခန္ဓာကိုယ်တွင်း ကိုလက်စထရော ကျဆင်းစေသည့် အကောင်းဆုံးနည်းလမ်း ဖြစ်သည့်အပြင် စိတ်ဖိစီးမှုနှင့် ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်မှုအတွက် အကောင်းဆုံးနည်းလမ်းတစ်ခုပင် ဖြစ်ကြောင်း စပိန်သုတေသန ပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ကြံ့ခိုင်ရေး

စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ရေးအတွက် ငွေကုန်ကျမှု သက်သာသည့်အပြင် အကျိုးသက်ရောက်မှုများစေသော အနေးအပြေးလေ့ကျင့်ခြင်းကို တစ်နေ့လျှင် မိနစ်၂၀ခန့် ပုံမှန်ပြုလုပ်ပေးသင့်ကြောင်း ၎င်းတို့က အကြံပြုပြောကြားသည်။

လျော့ကျ

အနေးအပြေးလေ့ကျင့်ခြင်းကြောင့် ခန္ဓာကိုယ် အစိတ်အပိုင်းများတွင် ကြွက်သားများခိုင်မာသန်စွမ်းမှုကို ဖြစ်စေသည့်အပြင် အသည်းအဆီဖုံးခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်းနှင့် သွေးကြောပိတ်ဆို့မှုများကို လျော့ကျစေကြောင်း သိရသည်။

တွေ့ရှိရ

အနေးအပြေးလေ့ကျင့်သည့် အမျိုးသား အမျိုးသမီး၂၀၀၀ကို သုတေသနပြုခဲ့ရာ အသည်းအဆီဖုံးခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်းရောဂါများ ဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရသည်ဟု စပိန်သုတေသနပညာရှင်များက ပြောကြားသည်။ ။

(၆)ကြိမ်မြောက် ဘာလီနိုင်ငံတကာရုပ်ရှင်ပွဲတော် "သူ့ကျွန်မခံပြီ" ဇာတ်ကား ဒုတိယအကောင်းဆုံးရရှိခဲ့

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင်ကျင်းပခဲ့သော (၆)ကြိမ်မြောက် ဘာလီရုပ်ရှင်ပွဲတော်၌ ''သူ့ကျွန်မခံပြီ'' ရုပ်ရှင်ဇာတ်ကားအတွက် ရရှိခဲ့သော ဆာရာဗာတီရုပ်တုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၀

မကြာမီက အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သော (၆)ကြိမ်မြောက် ဘာလီရုပ်ရှင်ပွဲတော်တွင် မြန်မာနိုင်ငံမှ ဒါရိုက်တာကြည်စိုးထွန်း ရိုက်ကူးသည့် ''သူ့ကျွန်မခံပြီ''ရုပ်ရှင်ဇာတ်ကားမှာ ဒုတိယဆုရရှိခဲ့ကြောင်း သိရသည်။

ပြိုင်ခဲ့ဖူး

ယခင်က မြန်မာရုပ်ရှင် ဇာတ်ကားများ နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၌ ပါဝင်ပြသခဲ့ခြင်းသာ ပြုလုပ်ခဲ့ကြပြီး ပြိုင်ပွဲဝင်မှု သိပ်မရှိခဲ့ကြောင်း၊ သို့သော် ၂၀၀၅ခုနှစ်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ဗန်ကောက်ရုပ်ရှင်ပွဲတော်၌ ဒါရိုက်တာကြည်စိုးထွန်း ရိုက်ကူးသည့် ''ချစ်ခြင်းငယ်ပြိုင်'' ရုပ်ရှင်ဇာတ်ကား ဝင်ရောက်ယှဉ် ပြိုင်ခဲ့ဖူးသော်လည်း ဆုရရှိမှု မရှိခဲ့ကြောင်း သိရသည်။

အကြောင်းကြား

(၆)ကြိမ်မြောက် ဘာလီရုပ်ရှင်ပွဲတော် (6th Bali International Film Festival 2008) တွင် ပါဝင်ယှဉ်ပြိုင်ရန် အင်ဒိုနီးရှားနိုင်ငံ

စာမျက်နှာ ၉ ကော်လံ ၁ ✱

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ရန်၊

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)